# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၆၃)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၅ ရက် ၊ ၂၀-၅-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဦးညိုစေား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေးဆွေးနွေး



နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် စီမံကိန်းများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေးကိစ္စများ၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မောတောင်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်

နေပြည်တော် မေ ၁၉

တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း တည်ရှိသည့် မောတောင်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ အရှေ့ဘက်အကျဆုံး မြို့ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် နယ်စပ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများနှင့် ဒေသထွက်ကုန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာ၌ မြိတ်-မောတောင်မှ ထိုင်းနိုင်ငံသို့ တင်ပို့ပါက အချိန် ၇ နာရီခန့်သာ ကြာသည့် အနီးဆုံးလမ်းကြောင်းဖြစ်ပြီး မောတောင်မြို့မှာ စီးပွားရေးအရ အရေးပါသည့် နယ်စပ်မြို့တစ်မြို့လည်း ဖြစ်သည်။

စာမျက်နှာ ၁၆ သို့ ❑



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကို တွေ့ရစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၉**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/၈လ**

| အမြင့်ဆုံး နေ့အပူချိန်များ | (၁၉ - ၅ - ၂၀၂၆) | |
|---|---|---|
| မကွေးမြို့ | ၄၁ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင်မြို့ | ၄၀ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၃၉ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးမြို့ | ၃၉ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာအညွှန်း


စွမ်းအင်ပူလုံရေးနှင့် ဒေသတွင်း တည်ငြိမ်ရေးအတွက် ဂျပန်နှင့် တောင်ကိုရီးယားပူးပေါင်းဆောင်ရွက်မည်

စာမျက်နှာ ၈

နေမာ ဘရာဇီးလက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံရ

စာမျက်နှာ ၁၁

သူ၏ ကျေးဇူးရှိဖူးလေသော် (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၆ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ပညာတတ်များဖြစ်အောင် လူငယ်လူရွယ်များ၏ ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ

ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသော အုတ်မြစ်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကကျသည့် စွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်အတွက် ပညာရေးကဏ္ဍမှ လူငယ်လူရွယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

လောကုတ္တရာနယ်ပယ်တွင် ပညာသည် အမြင့်ဆုံးဖြစ်သည်။ လောကီနယ်ပယ်တွင်လည်း ပညာသည်သာအမြင့်ဆုံးဖြစ်သည်။ ပညာသည်အရာရာကို ဦးစီးဦးဆောင် ပဲ့ကိုင်ရှင်ဖြစ်သည်။ ပညာဟူသည် သင်ယူလေ့လာဆည်းပူးရာမှ ရရှိလာသည့် အသိကို အခြေခံလျက် ပိုမိုကောင်းမွန်သည့် စဉ်းစားဆင်ခြင် တွေးတောကြံဆလုပ်ကိုင်ဆောင်ရွက်နိုင်မှု စွမ်းရည်ကိုဆိုလိုသည်။ တစ်နည်းဆိုလျှင် ပညာကိုအခြေခံသည့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားမှုပင်ဖြစ်သည်။

လူငယ်လူရွယ်များသည် အနာဂတ်တာဝန်များကို လက်ဆင့်ကမ်းပြောင်းလဲထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်လူရွယ်များသည် ကိုယ်စွမ်းကိုယ်စနှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မား တိုးတက်သူများဖြစ်သည်။

ထို့ပြင်လူငယ်ဟူသည် အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည်။ ခံယူချက်လွဲမှားသော ဆိုးသွမ်းလူငယ်များ မဖြစ်စေရေးအတွက် ယနေ့ကာလတွင် လူငယ်များကို နိုင်ငံတော်က အကောင်းဆုံး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဟူသော စိတ်အလှကို မွေးမြူထားရမည်ဖြစ်သည်။ အနာဂတ်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် လူငယ်တို့၏ အရည်အချင်းပေါ်တွင် မူတည်သည်။ ပညာတတ်သော်လည်း ကိုယ်ကျင့်တရားချို့ယွင်းသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သော်လည်း ပညာရေးတွင် ချို့တဲ့သူမဖြစ်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံပညာရေးကို ကျင့်သုံးလျက်ရှိသည်။

ငယ်ရွယ်စဉ်ကပင် မိမိကိုယ်ကို အားကိုးသောစိတ်ဖြင့် ကြိုးစားရမည်ဖြစ်သည်။ ထို့ကြောင့် ရင်နှစ်သည်းချာ နိုင်ငံ့ရတနာများဖြစ်သော ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်၊ လူရွယ်များသည် အပြစ်ကင်းစင်၍ ကောင်းမြတ်သော အတွေး၊ အခေါ်၊ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို မွေးမြူ၍ ခေတ်မီပညာရေးစနစ်ကို လက်လှမ်းရယူကာ စိတ်ဓာတ်ခိုင်မာ တည်ငြိမ်မြင့်မြတ်သော နိုင်ငံ့သားကောင်းဖြစ်လာရန်အတွက် သမိုင်းပေးတာဝန်ကို ကျေပွန်ရမည်ဖြစ်သည်။

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသည့်အတိုင်း မိဘများမှာလည်း ဆရာများကဲ့သို့ မိမိ၏ သားသမီးကို ပြောဆိုဆုံးမရမည်ဖြစ်သည်။ မိမိ သား၊ သမီးလမ်းမှားမရောက်အောင်၊ တွေးခေါ်စဉ်းစားဆင်ခြင်တတ်အောင်၊ အမှား၊ အမှန်ချင့်ချိန်တတ်အောင် သင်ကြားပြသရမည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍမှနေ၍ ပညာတတ်များဖြစ်အောင် လူငယ်လူရွယ်များ၏ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်တိုင်းသည် ဘာသာရေး အဆုံးအမအတိုင်း ငါးပါးသီလဖြစ်သော သူ့အသက်ကိုသတ်ခြင်း၊ သူ့ပစ္စည်းကိုခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ အရက်သေစာသောက်စားခြင်းစသည့် ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်း၍ မကောင်းမှုကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့ တောင်ပုလတောင်တော်တွင် ဒူးရင်းသီးစတုဒိသာကုသိုလ်ပြု လှူဒါန်းပွဲပြုလုပ်မည်

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိတ်ချင်းမြောင်လိုဏ်ဂူအနီးရှိ တောင်ပုလတောင်တော်တွင် ဒူးရင်းသီးစတုဒိသာကုသိုလ်ပြု လှူဒါန်းပွဲတော်ကို မေ ၂၄ ရက်၌ ပြုလုပ်မည်ဖြစ်သည်။

"ဘုရားဖူးလာရောက်သူများကို အာဟာရဒါန ကုသိုလ်ပြုနိုင်ရေးအတွက် ဒူးရင်းသီးအလုံး ၅၀၀၀ ခန့်ဖြင့် ဒါနပြုလုပ်မည်ဖြစ်ကြောင်း ဒူးရင်းသီးစတုဒိသာအား နံနက် ၉ နာရီမှစတင် သုံးဆောင်နိုင်မည်ဖြစ်ပြီး မိမိ နှစ်သက်သလောက် အဝသုံးဆောင်ခွင့်ရှိသော်လည်း အိမ်သယ်ယူခွင့်(ပါဆယ်)လုံးဝ ထုပ်ယူခွင့်မပြုပါကြောင်း တောင်ပုလဆရာတော် ဘဒ္ဒန္တဘောဂ က မိန့်ကြားသည်။

ဒူးရင်းသီးစတုဒိသာကုသိုလ်ပြုလုပ်နိုင်ရေးအတွက် တောင်ပုလဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက ပါရမီဖြည့်ကူညီလှူဒါန်းပေးခြင်းဖြစ်ပြီး တောင်တက်ကားခအဖြစ် အတက်၊ အဆင်းငွေကျပ် ၃၀၀၀ သာ သတ်မှတ်ထားကြောင်း ဆရာတော်က ထပ်မံမိန့်ကြားသည်။

တောင်ပုလတောင်တော်ကို နေ့စဉ် ဘုရားဖူးများလာရောက်ဖူးမြော်လျက်ရှိပြီး စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်များနှင့် လပြည့်၊ လကွယ်၊ ဥပုသ်နေ့များတွင် အထူးစည်ကားကြောင်း ဘုရားဖူးလာမိဘပြည်သူများကို ထမင်း၊ ဟင်းလျာများဖြင့် နေ့စဉ်ကုသိုလ်ပြုကျွေးမွေးလှူဒါန်းလျက်ရှိရာ ပွဲတော်ရက်တွင်လည်း အထူးကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးသွားမည်ဖြစ်ကြောင်း တောင်ပုလဘုရားတောင်ပေါ်တွင် ရုပ်တော်မူဘုရား၊ ရွှေစေတီ၊ ငွေစေတီနှင့် ရန်အောင်မြင်ကပ်ကျော် သစ္စာရှင်ဆုတောင်းပြည့်စေတီတော်များတည်ထားပြီး ဖူးမြော်နိုင်ခြင်း၊ သဘာဝတောတောင်ရှုခင်းများ၊ အမှတ်တရဓာတ်ပုံရိုက်စရာနေရာများကို စနစ်တကျဖန်တီးထားသောကြောင့် ရပ်နီးရပ်ဝေးဘုရားဖူးများနှင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

**(ကျော်မင်းသော်)**

၀-၀-၀-၀-၀

၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## စပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ကျောက်ဆည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရက် ၁၀၀ စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက တစ်နိုင်တစ်ပိုင် မျိုးစေ့ထုတ်လုပ်ခြင်းမှ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ဒေသတွင်းတောင်သူများ၏ မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအပြင် မျိုးစေ့လိုအပ်သော အခြားဒေသများသို့ ဖြန့်ဖြူးနိုင်ရေး စပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံအောင်က တောင်သူများအနေဖြင့် နိုင်ငံတော်၏ မျိုးစေ့လိုအပ်ချက်များကို ပူးပေါင်းကူညီဖြည့်ဆည်းပေးနိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးပွားလာစေရန်၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် သင်တန်းမှ သင်ကြားပို့ချလိုက်သော ဘာသာရပ်များကို စပါးမျိုးစေ့ထုတ် စိုက်ပျိုးရာ၌ လက်တွေ့အသုံးချသွားကြရန် အမှာစကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံများရိုက်ခဲ့သည်။

ထို့နောက် သင်တန်းကို ဆက်လက်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး ဗဟိုခြံတာဝန်ခံ ဦးအောင်ကျော်စိုးစံက ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ စပါးမျိုးစေ့ထုတ်လုပ်ခြင်းအကြောင်းများ၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က စပါးမျိုးစေ့ထုတ်လုပ်ငန်း ကွင်းဆင်းစစ်ဆေးခြင်းနည်းလမ်းများ၊ အထက်မြန်မာပြည်မျိုးစေ့ တာဝန်ခံ ဒေါ်မိုးသန့်သန့်က စပါးမျိုးစေ့အရည်အသွေးစစ်ဆေးခြင်းနှင့် မျိုးစေ့ထောက်ခံချက်ပေးခြင်း၊ စဉ့်ကိုင်မြို့နယ် မျိုးသန့်ခြံတာဝန်ခံ ဦးမျိုးမင်းထွန်းက စပါးမျိုးစေ့ထုတ်လုပ်ငန်းရိတ်သိမ်းချိန်လွန်တွင် လိုက်နာရမည့် နည်းပညာများအကြောင်း သင်ကြားပို့ချဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်း ၂၅ ဦးနှင့် စပါးစိုက်တောင်သူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား တတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး မေ ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်အဆောက်တွင် ပြုလုပ်ခဲ့ကြသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

တတိယအကြိမ် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ခရမ်းသီး ၅၀ ထုပ်၊ ကန်စွန်းရွက် ၅၀၀ စည်း၊ ဘူးသီး ၁၅၀ လုံး၊ ဖရုံညွန့် ၁၀၀ စည်း၊ သရက်သီး ၂၀၀ ထုပ်၊ ငှက်ပျောသီး ၂၅ ဖီး၊ ဘူးညွန့် ၅၀ စည်းတို့ကို ကော်မတီရုံးရှိဝန်ထမ်း ၅၂ ဦး၊ ဘဏ္ဍာရေးဌာနရှိ ဝန်ထမ်း ၆၉ ဦး၊ ရေနှင့်သန့်ရှင်းမှုဌာနရှိ ဝန်ထမ်း ၁၁၀ ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနရှိ ဝန်ထမ်း ၁၆၀ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း ၇၃ ဦးတို့ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးလာရောက်ကူညီ ထောက်ပံ့ပေးခဲ့သည်များကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုလျက်ရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးလုပ်ငန်းများကို ထောက်ခံပါကြောင်း၊ တရုတ်- မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပိုမိုရင်းနှီးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှတစ်ဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ပေါ်ထွက်လာခဲ့ပြီး မိမိအနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါကြောင်း၊ လွှတ်တော်သည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော နေရာတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အမိကတာဝန်ကြီး (၄)ရပ်ရှိပြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများကို ရွေးချယ်ပေးရခြင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေးတို့အတွက် မဏ္ဍိုင်ကြီး (၃)ရပ်အကြားအချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒများကို ပြည်သူများ နားလည်ပူးပေါင်းဆောင်ရွက်နိုင်စေရန် ပြည်သူကိုကိုယ်စားပြု၍ ကြားခံဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ရပါကြောင်း။

အဆိုပါ လွှတ်တော်ကို အားဖြည့်ဆောင်ရွက်ပေးသည့် အမြဲတမ်းကော်မတီ(၄)ရပ်ရှိပါကြောင်းနှင့် လာမည့်လွှတ်တော်ကာလတွင်လည်း ယာယီကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါကလည်း ကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ရက် (၁၀၀) စီမံကိန်းချမှတ်၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း လိုအပ်သည့်နေရာမှ ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက်တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်းရေးဆွဲ၍ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုနှစ်တွင် စတင်မည့် (၁၅) ကြိမ်မြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း ၅ နှစ်စီမံကိန်း(၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ပြီး တရုတ် - မြန်မာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်များကို တရုတ်ပြည်သူ့အမျိုးသားကွန်ဂရက်မှ ဦးစွာဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့၍ ထောက်ခံခဲ့ပါကြောင်း၊ ဆက်လက်ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအေးကျော် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှုကောင်းမွန်စေရေးဆောင်ရွက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် မေ ၁၆ ရက်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို တွေ့ဆုံဆွေးနွေးသည်။



ယင်းနောက် Advanced Metering Infrastructure (AMI) Control Center တွင် မီတာစောင့်ကြည့်စစ်ဆေးကြည့်ရှုမှု၊ Call Center ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Regional Control Center (RCC) ၌ဓာတ်အားထိန်းချုပ်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များသို့ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ၆၆ ကေဗွီ ဒေါင်းရွှေ-စက်မှုဇုန်(၁) ဓာတ်အားလိုင်း တည်ဆောက်နေမှု၊ ၆၆/၃၃/၁၁ ကေဗွီ, ၃၀ အမ်ဗွီအေ ပြည်ကြီးတံခွန် (စက်မှုဇုန်-၁) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များအတွင်းရှိ ဓာတ်အားသုံးစွဲသူပြည်သူများ ပိုမိုအားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် ၁၁/၀.၄ ထရန်စဖော်မာများ အသစ်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နှမ်းစပါးဧက ၅၉၆၀ စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

မြို့သစ် မေ ၁၉

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ -၂၀၂၆ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် ၅၇၈၄ ဧက လျာထားရာ ၅၉၆၀ ဧကအထိ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နတ်မောက်ဆည်ရေလှောင်တမံမှ ၄၀၄၄ ဧက၊ ပုလင်းဆည်ရေလှောင်တမံမှ ၇၀၆ ဧက၊ စွန်ဆည်ရေလှောင်တမံမှ ၆၄၆ ဧက၊ ဆဒ္ဒန်ဆည်ရေလှောင်တမံမှ ၅၆၄ ဧက စုစုပေါင်းဧက ၅၉၆၀ အထိ ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးကောင်း မျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရာတွင် နည်းစနစ်ကျနစွာ စိုက်ပျိုးနိုင်ရေး၊ မြေဆီမြေဩဇာ အချိုးကျမှန်ကန်စွာ သုံးစွဲနိုင်ရေးနှင့် လိုအပ်သည့်နည်းပညာများ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝင်းအိစွန်(ပြန်/ဆက်)

*-*-*-*

# ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားပြီး မိခင်များအား ကျန်းမာရေးစောင့်ရှောက် ဆေးဝါးများအား အခမဲ့ထောက်ပံ့

မန္တလေး မေ ၁၉

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက် အကွက်(၂၃၃)ရှိ အောင်ချမ်းသာမြတ်စွာဘုရား ဓမ္မာရုံတွင် ယနေ့ နံနက် ၁၀နာရီမှစ၍ ဒေါက်တာ ခင်ဇော်ဇော်ထက် ဦးဆောင်သော 'နေ' လူထုကျန်းမာရေး(Sun Community Health-SCH) အဖွဲ့မှ ကိုယ်ဝန်ဆောင် မိခင်နှင့်မွေးဖွားပြီး မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ငါးနှစ်အောက် ကလေးငယ်များအား ဝမ်းပျက်ဝမ်းလျှော အဆုတ်ရောင် နမိုးနီးယားနှင့် အာဟာရဆိုင်ရာ အသိပညာဗဟုသုတနှင့်ကျန်းမာရေး အသိပညာပေးခြင်း၊ သွေးတိုး၊ ဆီးချို အပါအဝင် အထွေထွေရောဂါများအား စစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသပေးခြင်း၊ လိုအပ်သော ဆေးဝါးများအား အခမဲ့ထောက်ပံ့ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးဦးဘိုဘိုဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ မြို့နယ်အတွင်းရေးမှူး ဦးစန်းမောင်၊ မြို့နယ်ကော်မတီဝင် ဦးအောင်သူဝင်း(မီဒီယာတာဝန်ခံ)နှင့် ရပ်ကွက်မိခင်နှင့် ကလေးအဖွဲ့ဝင် ဒေါ်မျိုးမျိုးဝင်း၊ ရပ်မိရပ်ဖ ဦးသိန်းဦး၊ ဦးစံကြီးတို့က လိုအပ်သည်များကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၁)



၀-၀-၀-၀-၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

## တောင်ကြီးတပ်နယ်နှင့် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသ၏ သမိုင်းကြောင်းစဉ်လာနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံများနှင့်အတူတကွ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန် လိုအပ်သည့်အခြေအနေများ၊ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

### သီးခြားစီသွားရောက်တွေ့ဆုံ

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆီဆိုင်၊ ဘန်းယဉ် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌လည်းကောင်း သီးခြားစီသွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် သမိုင်းအစဉ်အလာကြီးမားသော တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်၍ တာဝန်ထမ်းဆောင်ခွင့်ရသော အရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ဆင့်ကဲအုပ်ချုပ်မှုစနစ်ရှိပြီး အဆင့်လိုက်ခေါင်းဆောင်မှုတာဝန်ထမ်းဆောင်ရာတွင် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်အောင်နေထိုင်ခြင်း၊ စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးနှင့်အညီ ပြုမူပြောဆိုခြင်းနှင့် တပ်ကိုတပ်နှင့်တူအောင် စနစ်တကျထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိမည်ဖြစ်ကြောင်း၊ တရားသောစစ်ကို အောင်နိုင်ခြင်းသည် ပြည်သူ၏ အားကိုးယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တပ်မတော်သည် နိုင်ငံ၏ Last Defence ဖြစ်၍ ခိုင်ခိုင်မာမာတည်ဆောက်နေရန်လိုကြောင်း။

နိုင်ငံတော်အတွက် အကျပ်အတည်းအချိန်ကာလများတွင် တပ်မတော်သည် အသင့်ဖြစ်ခဲ့၍ တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်မှ အချိန်မီတားဆီးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ အမြဲအသင့်ဖြစ်နေရန် စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရေး ကောင်းစွာလေ့ကျင့်နေရန်လိုကြောင်း၊ အရေးကြီးမှသွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန်လိုကြောင်း၊ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ချစ်စိတ်ကို အခြေခံပြီး မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ၏မိသားစုအပေါ် သစ္စာရှိရန်၊ မိမိ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်အပေါ်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုကြောင်း။

တပ်မှူးကောင်းသည် ပြောဆိုဆုံးမရန်လိုအပ်သည်ကို ပြောဆိုဆုံးမသကဲ့သို့ ဂုဏ်ပြုချီးမြှောက်သင့်သည်ကိုလည်း ချီးမြှောက်ပေးရန်လိုကြောင်း၊ သဘောကောင်းသည်နှင့် စေတနာထားခြင်းသည် မတူညီကြောင်း၊ စေတနာထားသည်ဆိုသည်မှာ မဖြစ်သင့်မဖြစ်ထိုက်သည်များကို စဉ်းစားဆင်ခြင်ပြီး ဖြစ်သင့်ဖြစ်ထိုက်ခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိသားစုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ ဘာသိဘာသာဖြင့် နေသာသလိုနေခြင်း၊ စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် အဆိုပါ မိသားစုနှင့်အဖွဲ့အစည်းကို ပျက်စီးစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရန်အတွက် စစ်တိုက်တော်ရန်လိုပြီး စစ်ကျောင်းကြီးများအနေဖြင့် အပြည့်အဝလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တိုက်ပွဲဝင်စိတ်ဓာတ်ရှိအောင် ဆောင်ရွက်ရာတွင် စစ်တိုက်တတ်ရုံနှင့်မရဘဲ စိတ်ဓာတ်ကိုပါ ပြုပြင်ရမည်ဖြစ်သည့်အတွက် တိုက်ရဲအောင်၊ စိတ်ဓာတ်ကောင်းအောင် မိသားစုများ၏ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ နောက်ဆံမငင်ရအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ Professional သည် စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်ကြောင်း။

Standard Army ဖြစ်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ထက်မြက်နေရန်လိုပြီး ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများနှင့် နည်းပညာများကို သိရှိလေ့လာနေရန်လိုကြောင်း၊ ခေတ်သစ်နည်းပညာအသုံးပြုထားသော စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်ရန်လိုပြီး မိမိကြံဆမှုဖြင့် ပေါင်းစပ်၍ တိုက်ပွဲဝင်နိုင်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်၊ ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတကာတပ်မတော်များနှင့် လိုက်လျောညီထွေမှုဖြစ်အောင်၊ တပ်မတော်၏အရည်အသွေးကို မြှင့်တင်နိုင်ရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏ စွမ်းရည်များရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် မိမိ၏မျိုးဆက်အပေါ် ပေးနိုင်သော အကောင်းဆုံးအမွေမှာ ပညာအမွေသာဖြစ်ကြောင်း၊ ပညာအမွေပေးနိုင်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို လမ်းဖွင့်ပေးနိုင်မည်ဖြစ်ပြီး လမ်းမှားမရောက်စေရေးအတွက်လည်း ထိန်းကျောင်းပေးရာရောက်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် အနည်းဆုံး KG+9 တက်ရောက်အောင်မြင်အောင် တက်ရောက်သင်ကြားရန်လိုကြောင်း၊ KG+9 (အခြေခံပညာအလယ်တန်းအဆင့်) တက်ရောက်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ တက်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိုခိုသူသားသမီးများ၏ ပညာရည်မြင့်မားလာပါက တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူရလာမည်ဖြစ်ကြောင်း၊ အလားတူ တပ်မှူးများသည် တပ်မတော်သားများ၏ အတန်းပညာမြင့်မားရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာဖောက်မှု၊ ငွေကြေးရှုပ်ထွေးမှု၊ လူမှုရေးရှုပ်ထွေးမှု၊ မူးယစ်ဆေးဝါးမှုများသည် ခွင့်လွှတ်ပေး၍မရကြောင်း၊ ပြုပြင်ဆုံးမပေးနိုင်သော အပြစ်ဖောက်မှုများအတွက် ပြုပြင်ဆုံးမကာ သဘောပေါက်နားလည်စေခြင်းဖြင့် ထိန်းသိမ်းပေးရန်လိုကြောင်း၊ တပ်ရင်းမှူးနှင့် တပ်ရင်းမှူးဇနီးသည် တပ်၏အမိအဖဖြစ်ပြီး တပ်တွင်လိုက်ပါနေထိုင်သည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏အလုပ်ကို ကူညီပေးရန်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်၍မရကြောင်း၊ ခေါင်းဆောင်မှုကောင်းခြင်းဖြင့် မိမိကွပ်ကဲရသောအဖွဲ့အစည်းအတွက် အေးမြသောအရိပ်အာဝါသတစ်ခုကို ဖြစ်စေပြီး စည်းလုံးညီညွတ်မှုနှင့် တပ်နေပျော်ရေးကို ဖြစ်ပေါ်စေကြောင်း၊ ကောင်းမွန်သောခေါင်းဆောင်မှုဖြင့် မိမိတပ်အပေါ် စေတနာထားကာ စည်းကမ်းကောင်းမွန်၍ စွမ်းရည်သုံးရပ် ထက်မြက်အောင် တည်ဆောက်ပေးနိုင်သော တပ်မှူးများကို ၎င်းတပ်ရင်းက တသသအမှတ်ရနေမည်ဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်ကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေးအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စစ်သားဖြစ်၍ အမိန့်နာခံရမည်ဖြစ်ပြီး အမိန့်မှာတရားမျှတသော အမိန့်ဖြစ်ရန်လိုကြောင်း။

### အောင်မြင်မှုရရှိအောင်ဆောင်ရွက်

သက်သာချောင်ချိရေးနှင့် တည်ဆောက်မှုအပိုင်းတွင် အထက်မှပေးထားသည့် သက်သာချောင်ချိရေးများရှိသကဲ့သို့ မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် သက်သာချောင်ချိရေးများလည်းရှိပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် မိမိကိုယ်တိုင်ဆောင်ရွက်သည့် သက်သာချောင်ချိရေးပင်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် သက်သာချောင်ချိရေးကို လုပ်ဆောင်မည်ဆိုလျှင် တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစိုက်ပါက တစ်ဦးချင်းအကျိုးခံစားရပြီး တပ်ပိုင်ဆောင်ရွက်ပါက မိသားစုဝင်အားလုံး အကျိုးခံစားရမည်ဖြစ်၍ မိမိဒေသနှင့်ကိုက်ညီသော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

တပ်ရင်းတပ်ဖွဲ့များရှိ သက်သာဆိုင်များသည် မိသားစုဝင်များ အမှန်တကယ် သက်သာမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် စစ်သည်၊ မိသားစုများအနေဖြင့် ငြိုးငြံချွေတာရေးအား အသိစိတ်ဖြင့် လိုက်ပါလုပ်ဆောင်နိုင်ရန်လိုကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နေထိုင်ရေး အဆင်ပြေစေရန် ရေ၊ မီး၊ မိလ္လာမှစ၍ အခြေခံလိုအပ်ချက်များကို အခက်အခဲများမရှိအောင် စစ်ဆေးပြုပြင်ပေးရန်လိုကြောင်း၊ ထို့အပြင် စစ်သည်များအနေဖြင့် မိမိတို့၏အခက်အခဲများကို သတင်းပို့တင်ပြနိုင်စေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း။ စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

တိုင်းစစ်ဌာနချုပ်အနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ သေနတ်ပစ်၊ လက်ဝှေ့၊ ပြေးခုန်ပစ် စသည့် အားကစားများတွင် တပ်မတော်ကိုယ်စားပြု၊ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်များ မွေးထုတ်ပေးနိုင်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍ မရနိုင်ဘဲ ပုံမှန်လေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် "ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး" မှာ အရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အားနည်းချက်များကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်သည့်အပိုင်းတွင် ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်ကြရန်လိုကြောင်း။

### ဖေးမလက်တွဲခေါ်ယူ

အမျိုးသမီးစစ်မှုထမ်းများနှင့် ပတ်သက်ပါက ၎င်းတို့သည် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်၍ မောင်နှမစိတ်မွေးရန်နှင့် လုပ်ဖော်ကိုင်ဖက်များအဖြစ်သဘောထားကာ ဖေးမလက်တွဲခေါ်ယူရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း မိမိကြောင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူပြောဆိုနေထိုင်မှုများ ရှောင်ကြဉ်ရန်လိုကြောင်း၊ ရဲမေများသည် တပ်မတော်၏ အရန်အင်အားများဖြစ်ပြီး ရှဒူဇွတ်၊ ကုန်းကြမ်း၊ လုပီ၊ ဝိန်းကောင်ဖြစ်စဉ်များတွင် ရဲမေများ၏ ရဲဝံ့စွန့်စားစွာ ရန်သူကိုတုံ့ပြန်တိုက်ခိုက်ခဲ့သည့် အစဉ်အလာမှတ်တမ်းကောင်းများရှိကြောင်း။

### ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲ

ပြည်သူ့စစ်မှုထမ်းများတွင် ကိုယ်တိုင်ဆန္ဒပြု ဝင်ရောက်လာကြသူများရှိသကဲ့သို့ ဆင့်ခေါ်မှုအရ ဝင်ရောက်လာကြသူများလည်းရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာကြသော်လည်း တာဝန်ထမ်းဆောင်မှုပိုင်းတွင် ကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ ယခုအခါ အမှတ်စဉ်(၂)အထိ တာဝန်ထမ်းဆောင်မှုကာလ ပြည့်မြောက်ခဲ့ရာ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြု၍ အမှုထမ်းလိုသူများ အများအပြား တွေ့ရှိရသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲခေါ်ရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်၏ အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်လည်း တပ်မတော်က စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ပေးကာ လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများအနေဖြင့် တပ်နယ်များရှိ စစ်မှုထမ်းဟောင်းမိသားစုများအား သွားရောက်တွေ့ဆုံအားပေးကာ တင်ပြချက်များအပေါ် အရေးတယူဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ဆီဆိုင်ဒေသသည် အကြမ်းဖက်သောင်းကျန်းသူများ အလစ်အငိုက် ဝင်ရောက်တိုက်ခြင်းခံရပြီး တပ်နယ်များမှ အရာရှိ၊ စစ်သည်များနှင့် ရဲမေများ၏ ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိခဲ့ရာ ပါဝင်ခဲ့သူများအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဆီဆိုင်-ဘန်းယဉ်ဒေသရှိ တိုင်းရင်းသားပြည်သူများသည် ရိုးသားအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သောဒေသဖြစ်သော်လည်း အနိုင်ကျင့်ဗိုလ်ကျလိုသော အကြမ်းဖက်သောင်းကျန်းသူများကြောင့်သာ အကျည်းတန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်တစ်ရပ်တည်းနှင့် ထမ်းဆောင်၍ မရဘဲ ပြည်သူပါဝင်မှသာ ရမည်ဖြစ်သောကြောင့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ အင်အားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ တပ်ပြင်နှင့် ပတ်သက်ပါက ပြည်သူသာအမိ၊ ပြည်သူသာအဖ ဖြစ်သည့်အတွက် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင်လုပ်ရန် တာဝန်ရှိကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးတွင် ခေါင်းဆောင်မှုသည် လွန်စွာအရေးကြီး၍ သမာသမတ်ရှိပြီး မျှတစွာခေါင်းဆောင်နိုင်သည့် တပ်မှူးများဖြစ်ရန်လိုပြီး သတ္တိရှိရှိ လုပ်ရဲကိုင်ရဲရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းဥပဒေကျော်လွန်ပြီး လုပ်ဆောင်ပါက မှားယွင်းမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့် ခိုင်မာကျစ်လျစ်အောင်တည်ဆောက်၍ နိုင်ငံတော်ကအားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင်တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ချီးမြှင့်ငွေများပေးအပ်

တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်များအလိုက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်နှင့်ဘန်းယဉ်တပ်နယ်များအတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်သည်မိသားစုများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ချီးမြှင့်ငွေများ ပေးအပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး ဒေါ်နီလာမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

---

# မြန်မာနှင့် မလေးရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် မေ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ယနေ့တွင် နေပြည်တော်၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတိုဆရီ ဥတမ ဟာဂျီ မိုဟာမက်ဘင် ဟာဂျီ ဟာဆန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး MGallery Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အာဆီယံဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်



---

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်

နေပြည်တော် မေ ၁၉

အခြေခံ လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁၀) နှင့် တန်းမြင့် လေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၉) သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဒုတိယနေ့အဖြစ် သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြသည်။



လေကြောင်းလူငယ်သင်တန်းသားများ RC လေယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲ လက်တွေ့ယှဉ်ပြိုင်စဉ်။

နံနက်ပိုင်းတွင် RC လေယာဉ်မောင်းပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လှိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော် သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်သင်တန်းစခန်း ၂၀ မှ သင်တန်းသားများ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ RC ရဟတ်ယာဉ်မောင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်ကြသည်။

လေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် ပျံသန်းမှုဆိုင်ရာ အခြေခံသဘောတရားများ၊ လေယာဉ်/ရဟတ်ယာဉ်များ၏ တည်ဆောက်ပုံဆိုင်ရာအခြေခံသဘောတရားများအား သိရှိစေရန်ရည်ရွယ်၍ အဆိုပါပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိအကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ်ရှိပြည်တွင်းအခွန်များဦးစီးဌာန၏ အဆောက်အအုံအကြီးစား ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် အဆောက်အအုံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုအားပေး

ယင်းနောက် အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်မှူးမွမ်းမံသင်တန်း၊ ရုံးလုပ်ငန်းသုံးကွန်ပျူတာ မွမ်းမံသင်တန်းနှင့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုဆိုင်ရာမွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၂၀၂၅-၂၀၂၆ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲတက်ရောက်

စစ်ကိုင်း မေ ၁၉

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်၍ ဝန်ကြီးဌာန လေးခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ မနုဿဗေဒပြခန်း၊ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ကွန်ပျူတာလက်တွေ့ခန်း၊ Language Lab ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်မည့်မြေနေရာနှင့် ငါးခူမွေးမြူရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော (၁၁)ကြိမ်မြောက် “Digitalization of Industrial Russia (2026)” ဖိုရမ်တက်ရောက်

နေပြည်တော် မေ ၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ မေ ၁၈ ရက်မှ ၂၂ရက်အထိကျင်းပသည့် (၁၁)ကြိမ်မြောက် “Digitalization of Industrial Russia (2026)” ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Mikhail Mishustin က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံ၏ အဓိကစက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက သက်ဆိုင်ရာစက်မှုကဏ္ဍအလိုက် ဒီဂျစ်တယ်နည်းပညာ အသုံးပြုဆောင်ရွက်နေသူများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။




မွန်းလွဲပိုင်းတွင် “The Speed Race: Is Defense Keeping Pace with Threats?” ခေါင်းစဉ်ဖြင့် ကျင်းပသောဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြီး ယနေ့နိုင်ငံတကာတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသည့် ဆိုက်ဘာနည်းပညာဆိုင်ရာခြိမ်းခြောက်မှု အန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေး (IT Security) ဆော့ဖ်ဝဲနှင့် စက်ပစ္စည်းများ ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Security Code ကုမ္ပဏီအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် ယနေ့ခေတ်လုံခြုံမှုဆိုင်ရာ နည်းပညာမျှဝေပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်နည်းပညာကူးပြောင်းမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရုရှားအစိုးရ၏ “Digital Economy” အမျိုးသားစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြင်ဆင်ထားသည့် နေရာတစ်ခုဖြစ်သည့် NEIMARK တက္ကသိုလ်၏ IT Campus သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးနိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောင်းအပ်နှံရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

စဉ့်ကူး မေ ၁၉

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ဟူသော ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေး သီတင်းပတ်ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနှိုးဆော်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေး-စဉ့်ကူး-ရွှေဘို ကားလမ်းဆုံတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့များက ခရီးသွားပြည်သူများ၊ ဈေးရောင်း ဈေးဝယ်လာကြသူများနှင့် ဒေသခံပြည်သူများထံသို့ စောင်ရေ ၅၀၀ ခန့်အား ပေးဝေခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများအားလုံး၌ ကျောင်းနေအရွယ်ကလေးအားလုံး ၂၀၂၆ ခုနှစ်၊ မေ ၂၅ရက်မှ မေ ၃၁ ရက်အထိ ကျောင်းအပ်နိုင်ကြောင်း၊ ကျောင်းအပ်ရာတွင် အခမဲ့ ကျောင်းအပ်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရမှ သင်ကြားရမည့် အတန်းအလိုက် သင်ကြားရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများရှိပါက နီးစပ်ရာ ကျောင်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း စသည့် အချက်များ ပါဝင်ကြောင်း သိရသည်။

(အောက်ပုံ)

တင်စာလွင်(မြန်/ဆက်)



✲ စာမျက်နှာ ၂၄ မှ

ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ်သိန်း ၂၉၀ စုစုပေါင်း ဆုကြေးငွေကျပ် ၉၄၆ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး လေးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားကိုးဦး၊ အမျိုးသမီး တစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား လေးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ငါးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသားတစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၄၇ ဦး၊ အမျိုးသမီးနှစ်ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား လေးဦး၊ တောင်သာမြို့နယ်မှ အမျိုးသားတစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၃ ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား သုံးဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား ငါးဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ နတ်မောက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး လေးဦး၊ ပဒါန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသားနှစ်ဦး ပေါင်းအမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၃၁၂ ဦး ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း



တို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်မ ဒီအကြမ်းဖက်အဖွဲ့အစည်းကို ရောက်သွားတဲ့အကြောင်းရင်းကတော့ ကျွန်မမိဘတွေက ဆင်းရဲတဲ့အခါကျတော့ အလုပ်ရှာရမှာမို့လို့ပါ။ အလုပ်ရှာသွားတော့ သူငယ်ချင်းတွေနဲ့ တွေ့ပါတယ်။ သူငယ်ချင်းတွေက ဟိုမှာအလုပ်လုပ်ရင် အဆင်ပြေတယ်။ အလုပ်လုပ်ရင် အေးဆေးပဲ၊ လစာကောင်းတယ်ဆိုလို့ ကျွန်မလိုက်သွားဖြစ်ပါတယ်။ အချင်းချင်း ညှဉ်းပန်းနှိပ်စက်မှုတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ထွက်ပြေးဖို့ ကြိုးစားတဲ့သူတွေလည်း ညှဉ်းပန်းနှိပ်စက်ပါတယ်။ တချို့တွေဆို သတ်ပစ်တယ်လို့ ထင်ရပါတယ်။ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ အဲဒါကြောင့် ကျွန်မတို့တောင် သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့ပါတယ်။ သင်တန်းကာလမှာလည်း အသက်မပြည့်သေးတဲ့ ကလေး၊ မောင်ငယ်၊ ညီမငယ်တွေကို အများကြီးတွေ့ခဲ့ရပါတယ်။ တချို့ရဲဘော်တွေမှာတော့ ချိုင်းထောက်တွေနဲ့ နောက်ပြီး ခြေပြတ်လက်ပြတ်တွေ အများကြီးရှိတယ်။ ကုသမှု စရိတ်တောင်မှ သူတို့ မထုတ်ပေးပါဘူး။ ဒါကြောင့် မို့လို့ အလင်းဝင်ဖို့ ဆုံးဖြတ်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်မယ်လို့ ဆုံးဖြတ်တဲ့အခါမှာလည်း ကျွန်တော်တို့ကို သူတို့ဘက်က အမျိုးမျိုးပြောပါတယ်။ ဝါဒမှိုင်းတွေတိုက်ပါတယ်။ အလင်းဝင်တာ တကယ်မဟုတ်ဘူး။ မင်းတို့ကို သူတို့က မိတာနဲ့ သတ်မှာဆိုပြီး အမြဲတမ်းပြောပါတယ်။ မင်းတို့ မိသားစုတွေနဲ့ တွေ့ရဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ အခုလို ကျွန်တော်တို့ ရောက်လာတဲ့ အချိန်မှာကျတော့ အထင်နဲ့အမြင် သူတို့ပြောတာ










မိန်းကလေးတွေဆိုရင် တခြား အဖွဲ့အစည်းမှာ ရောင်းစားခံရတာမျိုးလည်း တွေ့ရပါတယ်။ ရန်ပုံငွေရှာဖွေရေးဆိုပြီး အဖွဲ့ဖွဲ့ပြီးတော့ ရန်ပုံငွေရှာခိုင်းပါတယ်။ ရန်ပုံငွေရရှိလာတဲ့ ငွေတွေမှန်သမျှကိုလည်း သူတို့မိသားစုကောင်းစားရေးအတွက်နဲ့ အကျိုးအတွက် အသုံးပြုပါတယ်။ ကျွန်မတို့အတွက် ဘာမျှော်လင့်ချက်မှ မရှိပါဘူး။ ဒီအတိုင်းဆက်နေရင် ဘဝက လုံးပါးပါးပြီးတော့ သေရုံပဲရှိပါတော့တယ်။ အဲဒါကြောင့်မို့လို့ သူတို့လုပ်ရပ်တွေနဲ့ စိတ်ဓာတ်တွေကို မကြိုက်လို့ တပ်မတော်မှာ အလင်းလာဝင်ခြင်း ဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းလာဝင်တဲ့အခါကြတော့ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အဲဒါကြောင့် တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကို ပြောချင်ပါတယ်။ တောထဲမှာ ကျန်နေခဲ့တဲ့ သူငယ်ချင်းများအားလုံး ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ စေတနာကိုနားလည်ပြီး အမြင်မှန်အမြန်ဆုံးရပြီးတော့ တပ်မတော်မှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂။ ကျွန်တော် ၂၀၂၄ ခုနှစ် ၈ လပိုင်းမှာ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ခဲ့ပါတယ်။ ကျွန်တော် သင်တန်းတက်နေတဲ့အချိန်မှာ သင်တန်းကာလအတွင်းမှာလည်း ကျွန်တော်တို့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ နေခဲ့ရပါတယ်။ ကြံ့ခိုင်ဖို့ဆိုပြီး ခေါင်းစဉ်ပြပြီးမှ ကျွန်တော်တို့ကို အနိုင်ကျင့်တာမျိုးတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတဲ့ အချိန်မှာလည်း ကျွန်တော်တို့ ဒီလမ်းတွေမှာ ဂိတ်တွေဘာတွေ စောင့်ရပါတယ်။ အခွန်ဆိုပြီးမှ ဆက်ကြေးတွေလည်း ကောက်ခဲ့ရပါတယ်။ ရတဲ့ အခွန်တွေကိုလည်း သူတို့ရဲ့ မိသားစုအတွက်ပဲ သူတို့ ထောက်ပံ့ကြတယ်။ သူတို့ဘာသူတို့ တိုက်တွေ ဆောက်တယ်။ ကားတွေဝယ်တယ်။ ကျွန်တော်တို့တွေနဲ့ တလွဲစီဖြစ်နေပါတယ်။ ဒီမှာကျွန်တော်တို့ကို မောင်နှမအရင်းအချာလို စောင့်ရှောက်ပေးပါတယ်။ စားရေးသောက်ရေး နေရေးထိုင်ရေးကအစ အကုန်လုံး ကျွန်တော်တို့ကို စောင့်ရှောက်ပေးပါတယ်။ လူချည်းပဲ လာခဲ့ပါ။ ဒီမှာ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ အကုန်ပေးပါတယ်။ ဒါကြောင့်မို့လို့ အခု လက်ရှိတောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတွေ အပါအဝင်ပေါ့။ တပ်မတော်ကြီးက အလင်းဝင်ခေါ်တာလည်း တကယ်ဟုတ်ပါတယ်။ တကယ်လည်း နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ဒါကြောင့်မို့ အမြန်ဆုံးလာရောက်ပါလို့ ဒီနေရာကနေ ပြောကြားချင်ပါတယ်။

၃။ ကျွန်တော် ဒီအဖွဲ့ထဲကို ဝင်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့နယ်ကို သူတို့ရောက်လာခဲ့တယ်။ ရောက်လာပြီးတော့ မင်းတို့လူငယ်တွေ ဒီအဖွဲ့ကြီးထဲကို ဝင်ရမယ်လို့ ပြောပါတယ်။ ကျွန်တော် အဲ့လိုနဲ့သင်တန်းကို ရောက်ခဲ့ပါတယ်။ သင်တန်းသုံးလ ဆင်းခဲ့ပါတယ်။ သင်တန်းသုံးလမှာလည်း ဗမာတွေဆိုပြီးတော့ နှိမ့်ချတာတွေ အနိုင်ကျင့်တာတွေ၊ အချင်းချင်းနှိပ်စက်မှုတွေ အများကြီးကြုံခဲ့ရတယ်။ စစ်ကြောင်းနဲ့ ချိတ်ဆက်ပြီးတော့ ကျွန်တော်အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အချိန်မှာလည်း တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ကို ညီအစ်ကိုမောင်နှမအရင်းတွေလို သဘောထားတယ်။ ပြီးတော့ ကျွန်တော်တို့ အလင်းဝင်တဲ့ ညီအစ်ကိုတွေ အားလုံးကိုလည်း တစ်စုတစ်စည်းထဲထားတယ်။ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးကို ပြောချင်တာကတော့ အမြန်ဆုံးအလင်းဝင်ရောက်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။

သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

ကာ သတ်မှတ်ထားသည့် အရှည်ပေနှင့် သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ ၁၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အလားတူ မဟာအောင်မြေမြို့နယ်အတွင်း ၇၈လမ်း၊ လမ်း ၄၀ နှင့် သိပ္ပံလမ်းကြား(Precast) လမ်းကာတုံးနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းကို မေ ၆ ရက်နေ့တွင် လုပ်ငန်းစတင်ခဲ့ပြီး(Precast)ကာတုံးများ ပလက်ဖောင်းများပြုပြင်ခြင်းလုပ်ငန်းကို သတ်မှတ်ထားသည့် အရှည်ပေနှင့် သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း အသီးသီးဆောင်ရွက်လျက်ရှိရာ ၁၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။ ထို့အပြင် ချမ်းမြသာစည်မြို့နယ်အတွင်း ၅၈လမ်း၊ ၁၁၁ လမ်းနှင့် ၁၁၃လမ်းကြားတွင် မေ ၅ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ကျောက်ပျက်ဖြန့်ခင်းပြီး စက်ကြိတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီ ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ဌာနမှူး ဦးစိုးနှင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက် (၁၀၀)စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မိတ္ထီလာ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မေ ၁၈ ရက် နံနက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိုက်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မြို့နယ်ဦးစီးမှူးက ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကွက်ငယ်ကျေးရွာအုပ်စု ပန်းတင်ကျေးရွာမှ ကျေးရွာလုပ်ငန်းကော်မတီများထံ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၆၉)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# စွမ်းအင်ဖူလုံရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် ဂျပန်နှင့် တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မည်

**ဆိုးလ် မေ ၁၉**

ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနာအဲနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့သည် မေ ၁၉ ရက်က တောင်ကိုရီးယားနိုင်ငံ၌ ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်း စွမ်းအင်အရင်းအမြစ်ဖူလုံရေးအတွက် ပူးတွဲဆောင်ရွက်သွားရန် သဘောတူခဲ့ကြသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးကို သမ္မတ လီဂျေမြောင်၏ မွေးရပ်မြေဖြစ်သော အန်ဒေါင်းမြို့တွင် ကျင်းပခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ယခုနှစ် ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံ၌ နောက်ဆုံးအကြိမ်တွေ့ဆုံထားကြောင်း သိရသည်။

အစည်းအဝေးအတွင်း တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အကြား ခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံတကာစိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း လီဂျေမြောင်က ပြောကြားခဲ့သည်။ တာကာအိချီ ဆာနာအဲကလည်း အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကိုကြည့်လျှင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ခက်ခဲသည့် အချိန်ကာလတစ်ခုနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ရရှိထားသည့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးသည် အရှေ့အလယ်ပိုင်းဒေသအတွင်း တင်းမာမှုများ လျှော့ချရန်နှင့် ဟော်မုဇ်ရေလက်ကြား၌ သင်္ဘောများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနာအဲနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်။



## ပိုလန်နိုင်ငံသို့ နှစ်ရက်ကြာ ပြည်ပချစ်ကြည်ရေးခရီးစဉ် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ် ပီတာမာဂျာ စတင်ထွက်ခွာ

**ဘူဒါပက်စ် မေ ၁၉**

ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ် ပီတာမာဂျာသည် ရာထူးတာဝန် စတင်ထမ်းဆောင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပိုလန်နိုင်ငံသို့ နှစ်ရက်ကြာ ပြည်ပခရီးစဉ်ကို မေ ၁၉ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ယင်းခရီးစဉ်သည် ၎င်း၏ နိုင်ငံကို ဥရောပ၏ အဓိကလမ်းကြောင်းဆီသို့ ပြန်လည်ဦးတည်ရန် ကြိုးပမ်းသည့် အမှတ်လက္ခဏာဖြစ်သည်။

မာဂျာနှင့် တွေ့ဆုံမည့် ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တူးစ်ခ်သည် ၂၀၂၃ ခုနှစ်တွင် ပိုလန်နိုင်ငံ၌ ဥရောပလိုလားသော မဟာမိတ်အဖွဲ့ကို ဦးဆောင်ကာ အာဏာရရှိခဲ့ပြီး ဘရပ်ဆဲလ်နှင့် ဆက်ဆံရေးကို ပြန်လည်ကုစားခဲ့သူဖြစ်ပြီး ပိတ်ဆို့ခံထားရသည့် ရန်ပုံငွေ ဒေါ်လာဘီလီယံပေါင်းများစွာ ပြန်လည်ရရှိအောင် ကြံဆောင်ခဲ့သည်။

၎င်းတို့နှစ်ဦးအနေဖြင့် ပိုလန်နိုင်ငံနှင့် ဟန်ဂေရီဆက်ဆံရေးကို အလွန်ကောင်းမွန်သော အဆင့်တစ်ခုသို့ ပြန်လည်ရောက်ရှိစေလိုသည်မှာ အလွန်သိသာ ထင်ရှားသည်ဟု ပိုလန်အရာရှိတစ်ဦးက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**Mon**

## ဘီဟာပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း မီးလောင်မှုဖြစ်ပွား

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းဘီဟာပြည်နယ်တွင် ခရီးသည်တင်ရထားတစ်စင်း ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

ခရီးသည်တင်ရထား၏ ရထားတွဲတစ်တွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်မှာ ဘီဟာပြည်နယ် မြို့တော်ပတ်နာ၏ အနောက်ဘက် ၁၅၇ ကီလိုမီတာခန့်အကွာရှိ ဆာဆာရမ်ဘူတာရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် စကြံပလက်ဖောင်းပေါ်ရှိ ခရီးသည်များ အထိတ်တလန့်ဖြစ်ပွားခဲ့သည်။ ကနဦး စုံစမ်းစစ်ဆေးမှုများအရ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပွားမှုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း သိရသည်။

ဆင်ဟွာ

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအလယ်ပိုင်းမှ စပါးစိုက်တောင်သူများ သိပ္ပံနည်းကျနည်းလမ်းသစ်တစ်မျိုးဖြင့် စမ်းသပ်စိုက်ပျိုးနေ

**ဂျကာတာ မေ ၁၉**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအလယ်ပိုင်းပြည်နယ်ရှိ စပါးစိုက်တောင်သူများသည် ကမ္ဘာ့အရေးအကြီးဆုံး ကောက်ပဲသီးနှံများထဲမှ တစ်ခုဖြစ်သော စပါးကို ရာသီဥတုပူနွေးစေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်ပြီး အထွက်နှုန်းကိုလည်း တိုးစေမည့် သိပ္ပံနည်းကျနည်းလမ်းသစ်တစ်မျိုးဖြင့် စမ်းသပ်စိုက်ပျိုးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူနိုင်ငံ တီမာဆက်သက်ရှိသိပ္ပံဓာတ်ခွဲခန်းက ဦးဆောင်ပြုလုပ်ခဲ့သည့် အစောပိုင်းစမ်းသပ်မှုများအရ စပါးစိုက်ပျိုးခြင်းမှထွက်ရှိသော မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း ပြသခဲ့သည်။

သုတေသနပညာရှင်များသည် ပြုပြင်မွမ်းမံထားသော ရေသွင်းစနစ်၊ အထူးထုတ်လုပ်ထားသော မြေသြဇာအနှစ်ချုပ်နှင့် ရာသီဥတုဒဏ်ခံနိုင်သော စပါးမျိုးစိတ်များကို ပေါင်းစပ်ထားသည့် ဆန်းသစ်သောနည်းလမ်းတစ်ခုကို အသုံးပြုခဲ့ကြသည်။

အလားတူ ရလဒ်မျိုးကို အိန္ဒိယနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ပြုလုပ်ခဲ့သည့် ပြိုင်တူစမ်းသပ်မှုများတွင်လည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ **Mon**

## အီဘိုလာဗိုင်းရပ်စ်ကူးစက်မှု ကွန်ဂိုနိုင်ငံတွင် ဖြစ်ပွားနေ ကူးစက်ခံရဖွယ်ရှိသူ ၅၁၃ ဦးထက်မနည်း ရှိသည်ဟု ဆို

**ကင်ရှာဆာ မေ ၁၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ အနည်းဆုံး ၁၃၁ ဦးရှိပြီး ကူးစက်ခံရဖွယ်ရှိသူ ၅၁၃ ဦးထက်မနည်း ရှိနေသည်ဟု ဒေသခံတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုများသည် လက်ရှိတွင် ပိုမိုကျယ်ပြန့်သော ဒေသများသို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယူဂန္ဓာနိုင်ငံတွင်လည်း ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း အတည်ပြုလူနာ နှစ်ဦးနှင့် သေဆုံးသူတစ်ဦးရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက အတည်ပြုသည်။

ဘန်ဒီဘူဂျို ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသော ယခုအီဘိုလာဗိုင်းရပ်စ် မျိုးဗီဇကူးစက်ပြန့်ပွားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာအရေးပေါ်အခြေအနေအဖြစ် ကြေညာထားကြောင်း သိရသည်။

**Mon**



## လော့စ်အိန်ဂျယ်လိစ်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင် တောမီး အလျင်အမြန် ကူးစက်တောက်လောင်

**ဝါရှင်တန် မေ ၁၉**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့ဆင်ခြေဖုံးရပ်ကွက်တွင် မေ ၁၈ ရက်က ဖြစ်ပွားသော တောမီး အလျင်အမြန် ကူးစက်တောက်လောင်ခဲ့သဖြင့် အာဏာပိုင်များက ဒေသခံပြည်သူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ဆန္ဒိတောမီးဟု အမည်ပေးထားသည့် အဆိုပါ မီးလောင်မှုသည် လော့စ်အိန်ဂျလိစ်မြို့လယ်၏ အနောက်မြောက်ဘက် မိုင် ၄၀ ခန့်အကွာတွင်ရှိပြီး လူဦးရေ ၁၂၅၀၀၀ ခန့်နေထိုင်သော ဆီမီဗာလီမြို့၌ တနင်္လာနေ့နံနက်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တစ်နာရီလျှင် ၅၆ ကီလိုမီတာအထိ တိုက်ခတ်သော လေပြင်းများကြောင့် အဆိုပါတောမီးသည် တနင်္လာနေ့ညနေပိုင်းတွင် ဟက်တာ ၅၅၂ ဧရိယာအထိ ပျံ့နှံ့သွားခဲ့ကြောင်း ကယ်လီဖိုးနီးယားမီးသတ်ဌာနက ထုတ်ပြန်ကြေညာသည်။

ထိုတောမီးကြောင့် နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။ **Mon**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါ ဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**



## စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

**မြိတ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်၌ ပိုင်ရှင် ဦးတင်ကိုကို (၅၈)နှစ်ဆိုသူ၏ "DIVINE ENERGY Co.,Ltd. စက်သုံးဆီ သိုလှောင်ကန်နှင့် အရောင်းဆိုင်လုပ်ငန်း˙တွင် ယာဉ်မောင်း ဦးဇင်လင်းမြတ် (၃၇)နှစ်ဆိုသူ မောင်းနှင်သည့် ယာဉ်အမှတ် NISSAN အမျိုးအစား ဆီသယ်မော်တော်ယာဉ်မှ ဆီသိုလှောင်ကန်အတွင်းသို့ ဆီဖြည့်နေစဉ် ဒိုင်နမိုမှတစ်ဆင့် ဝိုင်ယာရှော့ဖြစ်ပြီး အနီးရှိ ဒီဇယ်ဆီဂါလန် ၁၀၀၀၀ ဆံ့ ဆီသိုလှောင်ကန်သို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြိတ်ခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ် ၄၂ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် NISSAN အမျိုးအစား ဆီသယ်မော်တော်ယာဉ်၏ ယာဉ်မောင်း အပါအဝင် အမျိုးသား သုံးဦး(မီးလောင်သေဆုံး)နှင့် အမျိုးသား တစ်ဦး မီးလောင်ဒဏ်ရာ (စိုးရိမ်ရ)တို့အား မြိတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယာဉ်အမှတ် NISSAN အမျိုးအစား ဆီသယ်မော်တော်ယာဉ်၏ ဦးခေါင်းခန်းနှင့် ယာဉ်အမှတ် DONGFENG အမျိုးအစား ဆီသယ်မော်တော်ယာဉ်၏ ဦးခေါင်းခန်းတို့ ပျက်စီးခဲ့ကြောင်း၊ ဆီသိုလှောင်ကန်ရှိ ဒီဇယ် ၁၂ ပီပါ၊ ဓာတ်ဆီ နှစ်ပီပါ၊ ဆိုင်ကယ် နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ယာဉ်မောင်း ဇင်လင်းမြတ်(သေဆုံး)ဆိုသူအား မြိတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မိုးရွာသွန်းမှုကြောင့် မိတ္ထီလာ-တောင်ကြီးသွားကားလမ်းရေကျော်မှု ဖြစ်ပွား

**သာစည် မေ ၁၉**



မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ မယ်ဇလီကျေးရွာအနီး၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း၊ မိုင်တိုင်အမှတ်(၅/၂၃) နှင့် (၅/၂၄)ကြားတွင်မိုးသည်းထန်ရွာသွန်းပြီး တောင်ကျရေစီးဆင်းလာမှုကြောင့် အရှည်ပေ ၄၀၀ ခန့်တွင် ၁ ပေခန့်ရေကျော်မှု မေ ၁၈ ရက် နံနက် ၅ နာရီက ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကျော်မှုကြောင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ခရီးသွားပြည်သူများအား လမ်းပိတ်ဆို့မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သာစည်မြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ လှိုင်းတက်နယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအဖွဲ့သည် လိုအပ်သည်များကို ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၅၇)**




## မီးခိုးမြူငွေ့အန္တရာယ် စုပေါင်းကာကွယ် အသိပညာပေးဆွေးနွေး

**စစ်ကိုင်း မေ ၁၉**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့အန္တရာယ် စုပေါင်းကာကွယ်အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထက်ယမင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်စေနိုင်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာလျှင် ကာကွယ်နိုင်သော နည်းလမ်းများနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့နည်းစေရန် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**တပ်ကုန်း မေ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဦးတင်ကိုကို(ခ)အားလီ (၄၂)နှစ်ဆိုသူ၏ နေအိမ်၌ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဦးတင်ကိုကို (ခ)အားလီအား သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တင်ကိုကို(ခ)အားလီဆိုသူအား တပ်ကုန်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ပုန်းထွန်ရပ်ကွက်၊ စဝ်စံထွန်းလမ်းနေ ဒေါ်နုနုအေး (၄၉)နှစ်ဆိုသူ၏ နေအိမ်ဈေးဆိုင်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နုနုအေးဆိုသူအား တာချီလိတ်မြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။




အလားတူ မွန်းလွဲ ၂ နာရီတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာနေ ဒေါ်မိုးမိုးနွယ် (၃၆)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဒေါ်မိုးမိုးနွယ်ဆိုသူအား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မိုးမိုးနွယ်ဆိုသူအား ကျိုက်ထိုမြို့မရဲစခန်း လောင်းကစားဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




## နေမာ ဘရာဇီးလက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံရ



**လန်ဒန် မေ ၁၉**

တိုက်စစ်မှူးနေမာ ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်မည့် ဘရာဇီးလက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၃ခုနှစ် အောက်တိုဘာလအတွင်း ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဒူးအရွတ်ဒဏ်ရာရရှိပြီးကတည်းက ဒဏ်ရာပြဿနာများနှင့် ဆက်လက်ရုန်းကန်ခဲ့ရကာ လက်ရွေးစင်အသင်းနှင့် ကင်းကွာနေပြီး လက်ရှိအချိန်မှ ပြန်လည်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ကလပ်အသင်းဖြစ်သည့် ဆန်းတို့စ်အသင်းနှင့်အတူ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲ ၁၅ ပွဲကစားကာ ခြောက် ဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နေမာက 'ကျွန်တော် အခုလို လက်ရွေးစင်အသင်းမှာ ပြန်လည်ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အပေါ်ဝဲပုံ)(NGB)**



## 2026 Open delle Puglie Trofeo
## တင်းနစ်ပြိုင်ပွဲ ဇွန် ၁ရက်တွင် စတင်မည်

**တူရင် မေ ၁၉**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Open delle Puglie Trofeo တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Open delle Puglie Trofeo တင်းနစ်ပြိုင်ပွဲကို ဇွန် ၁ ရက်မှ ၈ ရက်အထိရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Open delle Puglie Trofeo တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်သည်။

Open delle Puglie Trofeo တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ရိုမေးနီးယားတင်းနစ်မယ် Anca Todoni ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## နည်းပြ ကွန်တီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် နာပိုလီအသင်းမှ ထွက်ခွာဖွယ်ရှိဟု သတင်းများထွက်ပေါ်

**တူရင် မေ ၁၉**



နာပိုလီအသင်းနည်းပြ ကွန်တီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် နာပိုလီအသင်းကို ၂၀၂၄ခုနှစ် ဇွန် ၅ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲပွဲ ၉၀တွင် ၅၁ ပွဲနိုင်၊ ၂၂ ပွဲသရေ၊ ၁၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

နည်းပြကွန်တီသည် နာပိုလီအသင်းကိုလည်း စီးရီးအေ အမှတ်ပေးဇယား အဆင့်(၂) နေရာရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြကွန်တီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နာပိုလီအသင်းမှ ထွက်ခွာသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဘရန့်ဖို့ဒ်အသင်းတွင် ဆက်ရှိသွားမည်ဟု ကာယိုဒီ ပြောကြား



**လန်ဒန် မေ ၁၉**

ဘရန့်ဖို့ဒ်အသင်း နောက်ခံကစားသမား ကာယိုဒီက မိမိအနေဖြင့် အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ကာယိုဒီသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၄၀ကစားပြီး တစ်ဂိုး သွင်းယူထားသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကာယိုဒီက 'ကျွန်တော် ဘရန့်ဖို့ဒ်အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီမှာပျော်ရွှင်နေပါတယ်'ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**



## စပိန်လာလီဂါတွင် အိမ်ကွင်း (၁၉)ပွဲစလုံး အနိုင်ရရှိသည့် ပထမဆုံးအသင်းအဖြစ် ဘာစီလိုနာအသင်းမှတ်တမ်းဝင်

**ဘာစီလိုနာ မေ ၁၉**

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါတွင် တစ်ရာသီအတွင်း အိမ်ကွင်း(၁၉)ပွဲစလုံး အနိုင်ရရှိသည့် ပထမဆုံးအသင်းအဖြစ် စံချိန်မှတ်တမ်း ဝင်ခဲ့သည်။

စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းသည် ဘက်တစ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါချန်ပီယံဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာ အသင်းနည်းပြ ဟန်ဆီဖလစ်ခ်က 'အသင်းအနေနဲ့ အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ နောက်ထပ်ယခုလို စံချိန်တွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ဂျေဆူး၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၃၀အဖြစ် အာဆင်နယ်အသင်း သတ်မှတ်

**လန်ဒန် မေ ၁၉**

အာဆင်နယ်အသင်းသည် အသင်းတိုက်စစ်မှူး ဂျေဆူး၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၃၀ အဖြစ် အာဆင်နယ်အသင်းက သတ်မှတ်ခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(အပေါ်ပုံ)**



တိုက်စစ်မှူး ဂျေဆူးသည် အာဆင်နယ်အသင်းနှင့် အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၂ ပွဲ ကစားပြီး ၃၁ဂိုး သွင်းယူကာ ခြေစွမ်း ပြနိုင်ခဲ့သည်။

အာဆင်နယ်အသင်းကလည်း ဂျေဆူးအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့အနေဖြင့် အာဆင်နယ်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဂျေဆူးကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဒန်နီရယ်ဘတ်ဖ်ကို မိုချန်ဂလာဘတ်အသင်း ခေါ်ယူ

**မြူးနစ် မေ ၁၉**

မိုချန်ဂလာဘတ်အသင်းသည် မိန့်ဇ်အသင်း ဂိုးသမားဒန်နီရယ်ဘတ်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။ **(အောက်ယာပုံ)**

ဂိုးသမား ဒန်နီရယ်ဘတ်ဇ်သည် မိန့်ဇ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၃၀ကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိုချန်ဂလာဘတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂိုးသမားဒန်နီရယ်ဘတ်ဇ်အနေဖြင့် မိုချန်ဂလာဘတ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဒမ်ဘီလီ ဒဏ်ရာကြောင့် ဥရောပချန်ပီယံလိဂ်ဖိုင်နယ်ပွဲစဉ်အား လွဲချော်ဖွယ်ရှိ

**ပါရီ မေ ၁၉**

ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဒမ်ဘီလီ ကြွက်သားဒဏ်ရာကြောင့် လာမည့် မေ ၃၀ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဥရောပချန်ပီယံလိဂ်ဖိုင်နယ်ပွဲစဉ်အား လွဲချော်သွားဖွယ် ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက ပါရီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘီလီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပီအက်စ်ဂျီအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက် တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၃ ပွဲ ကစားပြီး ဂိုး ၆၀ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ယာပုံ) (NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ် ၂၀၂၆ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်မည့် ခရိုအေးရှားလက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံခဲ့ရသည်။
* ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ဒန်နီကာ ဗာဂျယ် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။ **(NGB)**

## ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၁-၅-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၁း၃၀ နာရီ | ဖရိုင်းဘတ်(ဂျာမနီ-၇) – အက်စတွန်ဗီလာ(အင်္ဂလန်-၄) |

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်လူထုလှုပ်ရှားမှုအသွင် အသိပညာပေးစာစောင်များ ဖြန့်ဝေ





**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်မှု တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ ရောက်ရှိစေရန်နှင့် ပညာသင်ခွင့်မဆုံးရှုံးစေရန်အတွက် လှုပ်ရှားမှုတွင် မိဘအုပ်ထိန်းသူများနှင့် လူထုတစ်ရပ်လုံးပါဝင်လာစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးရှိ မြို့နယ် ၂၈ မြို့နယ်အတွင်း လူစည်ကားရာ နေရာများ၊ လမ်းဆုံများ၊ ဈေးများ၊ ကျောင်းများရှေ့နှင့် ရပ်ကွက်များအတွင်း ယနေ့နံနက်ပိုင်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်လူထုအသွင်လှုပ်ရှားမှု အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်များအတွင်းရှိ လမ်းသွားလမ်းလာ လူစည်ကားရာလမ်းဆုံများ၊ နေရာများ၊ ဈေးများနှင့် ရပ်ကွက်များအတွင်း လိုက်လံ၍ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိစေရေး၊ ပညာသင်ခွင့်မဆုံးရှုံးစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးတို့အတွက် ပညာရေးကို ဦးစားပေးပြီး ပညာသင်ကြားရေးတွင် အားလုံးပါဝင်ဆောင်ရွက်သွားရေးတို့ကို တိုက်တွန်းနှိုးဆော်ပြောကြားကာ " နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံကြပါစို့ "၊ "ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေမြဲဖို့ မိဘပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ " အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်လူထုအသွင်လှုပ်ရှားမှု အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်ခြင်းများကို မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၈ မြို့နယ်အတွင်း လူစည်ကားရာ နေရာများ၊ လမ်းဆုံများ၊ ဈေးများ၊ ကျောင်းများရှေ့နှင့်



ရပ်ကွက်များတွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အသိပညာပေးလက်ကမ်း စာစောင် ၃၂၀၀၀ ကျော်ကို ဖြန့်ဝေပေးခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် လှုပ်ရှားမှုကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းနေရန်အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများရှိပါက နီးစပ်ရာ ကျောင်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မဟာအောင်မြေမြို့နယ်၌ ဖုံး၊ သွန်၊ လဲ၊ စစ် ကွင်းဆင်းဆောင်ရွက်

မန္တလေး မေ ၁၉

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့်ပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက မဟာမြိုင်(၂)ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းနှင့်အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ခြင်လောက်လမ်းသေဆေး (abate)ဆေးခပ်ခြင်းများကို မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်စော်မင်း**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

မန္တလေး မေ ၁၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပါကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်း၊ ပြည်သူလူထု၏ ယုံကြည်မှုလျော့ကျစေခြင်းနှင့်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်းတို့အပြင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုများကို ယိုယွင်းပျက်စီးစေနိုင်သော အဂတိလိုက်စားမှု မြောက်နိုင်သည့်ကိစ္စရပ်များကို သိရှိနားလည်ထားရန်လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသည့် လူမှုအသိုက်အဝန်းတစ်ခုပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး လက်တွဲညီညီပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အစိုးရဌာနများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်လည်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် ဝန်ထမ်းများတာဝန်ထမ်းဆောင်ရာတွင် ကျင့်ဝတ်စည်းကမ်းများနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့ပုံရိပ်ကောင်းအောင်ကြိုးစားစေလိုပါကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ညွှန်ကြားရေးမှူးတို့က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဦးမင်းဟန် ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU )များနှင့် တွေ့ဆုံပြီး အဂတိလိုက်စားမှုကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ကြိုသင်တန်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများထဲမှ ပညာသင်ထောက်ပံ့ကြေးလိုအပ်နေသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်

မန္တလေး မေ ၁၉

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ကြိုသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအနက် ပညာသင်ထောက်ပံ့ကြေးလျှောက်ထားလာသူများထဲမှ ပညာသင်ထောက်ပံ့ကြေးလိုအပ်နေသူများကို စနစ်တကျစိစစ်ရွေးချယ်ထားသည့် ကျောင်းသူ ၁၅ ဦး အား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဧကရာဇ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိန်းဇော်လင်း၊ ခုတင် ၁၀၀ ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်း၊ အောင်မြေသာစံခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြနှင့်အဖွဲ့ဝင်များ၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းဆွေ၊ အဆိုပါအသင်းအဖွဲ့များမှအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ သိန်းဇော်လင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်ပညာသင်ထောက်ပံ့ကြေးလျှောက်ထားလာသည့် ကျောင်းသား၊ ကျောင်းသူများထဲမှ စနစ်တကျစိစစ်ရွေးချယ်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြောကြားပြီးနောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးနှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဥက္ကဋ္ဌတို့က အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏နာယက၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး၊ အောင်မြေသာစံခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိ သူများက ပညာသင်ထောက်ပံ့ငွေရရှိသည့် ကျောင်းသူ ၁၅ ဦးအား ပညာသင်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း၊ အဆိုပါပညာသင်ထောက်ပံ့ငွေများကို တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)တို့မှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ကျောင်းသူ ၁၅ ဦးအတွက် စုစုပေါင်း ငွေကျပ် ၇၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

၀-၀-၀



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆိုင်သွားစရာမလိုဘဲ အိမ်မှာတင် ခြေသည်းလက်သည်း အလှပြင်နည်း

ဆိုင်သွားပြီး ငွေအကုန်အကျခံစရာမလိုတဲ့ အိမ်မှာတင် သပ်ရပ်လှပတဲ့ ခြေသည်း၊ လက်သည်းတွေကို ပိုင်ဆိုင်နိုင်မယ့် နည်းလမ်းကောင်းတွေ ရှိပါတယ်။ ကိုယ့်ကိုကိုယ် အချိန်ပေးပြီး အလှပြင်ရတာဟာ စိတ်ဖိစီးမှုတွေကိုပါ လျော့ကျစေတဲ့အတွက် အိမ်မှာပဲ လွယ်လွယ်ကူကူ ပြုလုပ်နိုင်မယ့် ခြေသည်းလက်သည်း အလှပြင်နည်းအဆင့်ဆင့်ကို မျှဝေပေးလိုက်ပါတယ်။

အရင်ဆုံး လက်သည်းညှပ်၊ လက်သည်းတိုက်တံ ၊ အရေပြားတွန်းတံ၊ လက်သည်းဖျက်ဆေး၊ ဂွမ်း၊ အစိုဓာတ်ထိန်းခရမ်နဲ့ မိမိကြိုက်နှစ်သက်တဲ့ လက်သည်းနီအရောင်တွေကို အဆင်သင့် ပြင်ဆင်ထားပါ။ မိမိသုံးမယ့် ကိရိယာတွေကို ပိုးသတ်သန့်စင်ထားဖို့လည်း မမေ့ပါနဲ့။

လက်သည်းပေါ်မှာ ရှိနေတဲ့ လက်သည်းနီ အဟောင်းတွေကို ဖျက်ဆေးနဲ့ စင်ကြယ်အောင်ဖျက်ပြီးရင် လက်သည်းညှပ်နဲ့ ထားချင်တဲ့ အရှည်ပမာဏအတိုင်း ညှပ်ပါ။ လက်သည်းတိုက်တံကို အသုံးပြုကာ ဘေးသားတွေကို စောင်းပြီး တစ်ဖက်သတ်တည်း တိုက်ပေးခြင်းဖြင့် လက်သည်း ပုံဖော်ပါ။

ဇလုံတစ်ခုထဲမှာ ရေနွေးနွေးလေးထည့်ပြီး ဆပ်ပြာရည်အနည်းငယ်(သို့မဟုတ်) ဆားခါးထည့်ကာ ခြေထောက်နဲ့ လက်ကို ငါးမိနစ်ကနေ ၁၀ မိနစ်ခန့် စိမ်ထားပေးပါ။ ဒါက လက်သည်းဘေးကမာနေတဲ့ အရေပြားတွေကို ပျော့ပျောင်းသွားစေပါတယ်။ ပြီးရင်တော့ အရေပြားတွန်းတံလေးနဲ့ လက်သည်း၊ ခြေသည်းရင်းက အသားပိုတွေကို အသာအယာ နောက်သို့ တွန်းပြီးရင်တော့ လက်နဲ့ခြေထောက်ကို တဘက်နဲ့ ခြောက်အောင်သုတ်ပြီး အစိုဓာတ်ထိန်းခရမ်(သို့မဟုတ်) လိုးရှင်းကို နှံ့စပ်အောင် လိမ်းပေးရပါမယ်။ လက်သည်းခွံနဲ့ လက်သည်းရင်းတွေကိုပါ သေချာနှိပ်နယ်ပေးခြင်းဖြင့် သွေးလည်ပတ်မှု ကောင်းမွန်စေပြီး လက်သည်းတွေကို ကျန်းမာသန်စွမ်းစေပါတယ်။




လက်သည်းနီမဆိုးခင် လက်သည်းခွံပေါ်က အဆီတွေကို ဂွမ်းလေးနဲ့ အသာသုတ်ပေးပါ။ ပထမဆုံး လက်သည်းခြေသည်းတွေကို ကာကွယ်ပေးဖို့ ရောင်မယ့် အောက်ခံဆေးအရင်ဆိုးပါ။ ခြောက်သွားရင် မိမိကြိုက်တဲ့ အရောင်ကို ထပ်ဆင့်ဆိုးရပါမယ်။ လက်သည်းနီဆိုးတဲ့အခါ အလယ်ကို တစ်ချက်၊ ဘေးနှစ်ဖက်ကို တစ်ချက်စီနဲ့ သုံးချက်တည်းနဲ့ အုပ်အောင် ဆိုးပေးတာက အညီညာဆုံးဖြစ်စေပါတယ်။နောက်ဆုံးမှာတော့ အရောင်တင်ဆေး (Topcoat) ဆိုးပေးခြင်းဖြင့် လက်သည်းနီအရောင် တောက်တောက်လေးနဲ့ ရေရှည်ခံသွားမှာဖြစ်ပါတယ်။ Daisy

## မျက်ဝန်းအလှကို ပုံဖော်ပေးမယ့် Brush (၆)မျိုးနှင့် အသုံးပြုပုံလမ်းညွှန်

မျက်လုံးကိုအိုင်းရှဲဒိုး (Eye Makeup) လိမ်းတဲ့အခါ စုတ်တံ (Brush) အမျိုးအစားတွေကို မှန်မှန်ကန်ကန် ရွေးချယ်အသုံးပြုတတ်ဖို့ အရေးကြီးပါတယ်။

အရင်ဆုံး နံပါတ်(၁) အိုင်းရှဲဒိုး brush ကတော့ ထိပ်ဖျားကားပြီး အမွေးပွတာကြောင့် မျက်ခွံတစ်ခုလုံးပေါ်မှာ အောက်ခံအရောင်ကို အညီအမျှ ဖြန့်ခွဲခြယ်သတဲ့နေရာမှာ အသုံးပြုပါတယ်။

နံပါတ်(၂) စုတ်တံက ထိပ်ဘဲဥပုံစံရှိပြီး မျက်ခွံပေါ်က အရောင်ပြင်းပြင်းတွေကို သဘာဝကျကျဖြစ်သွားအောင် အရောင်သုံးပြီး ခေါက်တုံ့ခေါက်ပြန် ချယ်ပေးရပါတယ်။

နံပါတ်(၃) စုတ်တံအသေးကတော့ ထိပ်ဝိုင်းဝိုင်းနှင့် အမွေးတိုတိုကျစ်ကျစ်ရှိပြီး မျက်တောင်လိုင်းတစ်လျှောက် (သို့မဟုတ်) မျက်ခွံအစွန်းနားလေးတွေကို အရောင်ရင့်ရင့်နဲ့ အသေးစိတ်ထပ်ဆင့်ပုံဖော်ဖို့အတွက် အဆင်ပြေပါတယ်။

အောက်မျက်တောင်လိုင်းတစ်လျှောက် (Aegyosal ခေါ်) မျက်ရည်အိတ်နေရာကို ကွန်တိုလိုင်းဆွဲပြီး ပုံဖော်ဖို့အတွက်ဆိုရင်တော့ ထိပ်ပြားပြီး ဝိုင်းစောက်စောက်ပုံစံရှိတဲ့ နံပါတ်(၄) စုတ်တံကို အသုံးပြုရမှာဖြစ်ပါတယ်။

ခဲတံထိပ်ဖျားလိုမျိုး ချွန်ချွန်လုံးလုံးပုံစံရှိတဲ့ နံပါတ်(၅) စုတ်တံကတော့ မျက်လုံးထောင့် နေရာလေးကို (Highlighter) လင်းလင်းလေး ထည့်တာပဲဖြစ်ဖြစ်၊ မျက်တောင်အောက်လိုင်းကို တိတိကျကျ အစက်အပြောက်ပုံစံ အရောင်တင်ချင်တဲ့အခါမှာ အသုံးဝင်ပါတယ်။




နောက်ဆုံး နံပါတ်(၆) အိုင်လိုင်နာစုတ်တံကတော့ ထိပ်ဖျားစောင်းစောင်းလေးနဲ့ ပြားချပ်နေတာကြောင့် ဂျဲလ်အိုင်းလိုင်နာ ဆွဲတဲ့နေရာမှာဖြစ်ဖြစ်၊ အိုင်းရှဲဒိုးနဲ့ မျက်ဝန်းအစွန်းကို ကြောင်မျက်လုံး ပုံစံချွန်ထွက်အောင် တိတိကျကျ ပုံဖော်ဆွဲသားတဲ့နေရာမှာ အကောင်းဆုံး ဖြစ်ပါတယ်။

Daisy

## Beauty Blender (မိတ်ကပ်ဖော့တုံး)ကို အပိုင်းလိုက် စနစ်တကျအသုံးပြုနည်း

မိတ်ကပ်လိမ်းတဲ့အခါ သဘာဝကျကျနဲ့ အပြစ်အနာအဆာကင်းတဲ့ မျက်နှာပြင်ကိုရရှိဖို့ Beauty Blender (မိတ်ကပ်ဖော့တုံး)ကို စနစ်တကျ အသုံးပြုတတ်ဖို့ လိုပါတယ်။ မိတ်ကပ်ဖော့တုံးတစ်ခုတည်းမှာတင် မတူညီတဲ့ အစိတ်အပိုင်း သုံးခုရှိပြီး တစ်ခုချင်းစီကို ဘယ်လိုထိရောက်အောင် အသုံးပြုရမလဲဆိုတဲ့ လမ်းညွှန်ချက်ကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ Flat Edge**

**(အပြားလိုက် အစွန်းပိုင်း)**

ဒီမျက်နှာပြင်အပြားကတော့ ဖောင်ဒေးရှင်း (Foundation) လိမ်းတဲ့နေရာမှာ အဓိက အသုံးပြုရမယ့်နေရာ ဖြစ်ပါတယ်။ မိတ်ကပ်တွေကို မျက်နှာပေါ် ဖွဖွလေး ပုတ်ပေးခြင်းနဲ့ သဘာဝကျကျ စိမ့်ဝင်သွားအောင် ညှိပေးခြင်းတို့အတွက် အကောင်းဆုံးဖြစ်ပြီး မိတ်ကပ်ကွက်တာမျိုး မရှိဘဲ ညီညာစေပါတယ်။

**၂။ Rounded Shape**

**(အဝိုင်းလိုက် ခန္ဓာကိုယ်ပိုင်း)**

ဒီဝိုင်းဝန်းတဲ့ အစိတ်အပိုင်းကတော့ မျက်နှာပြင်ကျယ်တဲ့ နေရာတွေအတွက် အသုံးဝင်ပါတယ်။ ပါးရိုး၊ နဖူးနဲ့ မေးစေ့တွေကို ပုံဖော်တာပဲဖြစ်ဖြစ်၊ Concealer ကို မျက်နှာပြင်အကျယ်ကြီး ဖြန့်လိမ်းတာပဲဖြစ်ဖြစ် ပြုလုပ်တဲ့အခါ အစင်းကြောင်းတွေ မထင်ဘဲ လှပသပ်ရပ်တဲ့ ဖုံးကွယ်မှုကို ပေးစွမ်းနိုင်ပါတယ်။

**၃။ Precision Point**

**(ထိပ်ချွန်ပိုင်း)**

ဒီချွန်ထွက်နေတဲ့ ထိပ်ပိုင်းလေးကတော့ လက်လှမ်းမီဖို့ ခက်ခဲတဲ့နေရာ အသေးစိတ်တွေအတွက် အထူးထုတ်လုပ်ထားတာပါ။ အထူးသဖြင့် မျက်ကွင်းညိုတာဖုံးဖို့ (Concealer) လိမ်းတဲ့အခါ မျက်ဝန်းအောက်တစ်ဝိုက် (Under the eye area)နဲ့ နှာခေါင်းဘေးထောင့်စွန်းတွေကို တိတိကျကျနဲ့ သပ်သပ်ရပ်ရပ် လိမ်းပေးနိုင်ပါတယ်။




မိတ်ကပ်ဖော့တုံး (Beauty Blender) သုံးတော့မယ်ဆိုရင် ဖော့တုံးကို ရေစိုအောင် အရင်လုပ်၊ ပြီးမှ ရေကုန်အောင် ညှစ်ထုတ်ပြီးမှ အသုံးပြုပါ။ ဒါမှ မိတ်ကပ်သားကို အများကြီး စုပ်မယူဘဲ ပိုမိုပြည့်စုံတဲ့ မိတ်ကပ်စတိုင်လ်ကို ရရှိမှာ ဖြစ်ပါတယ်။

Daisy

## မိတ်ကပ်လိမ်းခါစသူတွေ သိထားသင့်တဲ့ ပေါင်ဒါသုံးမျိုး

မိတ်ကပ်လိမ်းခါစ ပျိုမေတို့အတွက် Loose Powder Translucent Powder နဲ့ Pressed Powder ဆိုပြီး ပေါင်ဒါအမျိုးအစားတွေ အများကြီးရှိနေတာကြောင့် ဘယ်ဟာကို ရွေးချယ်ရမလဲဆိုတာ ဝေခွဲမရ ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် မိမိရဲ့ အသားအရေနဲ့ မိတ်ကပ်စတိုင်အလိုက် အမှန်ကန်ဆုံး ရွေးချယ်နိုင်ဖို့ ပေါင်ဒါအမျိုးအစားသုံးမျိုးရဲ့ ကွာခြားချက်ကို အလွယ်ကူဆုံး လမ်းညွှန်ပေးလိုက်ပါတယ်။




(၁) Loose Powder

ဒီပေါင်ဒါ အမျိုးအစားကတော့ အမှုန့်အိတ်စလေးတွေဖြစ်ပြီး အဆီပြန်တတ်တဲ့ အသားအရေပိုင်ရှင်တွေအတွက် အသင့်တော်ဆုံးပါပဲ။ မိတ်ကပ်သားကြာရှည်ခံအောင် Baking လုပ်တဲ့နေရာမှာဖြစ်ဖြစ်၊ တစ်မျက်နှာလုံးကို Setting လုပ်တဲ့နေရာမှာဖြစ်ဖြစ် အဓိကသုံးကြပါတယ်။ လိမ်းလိုက်တဲ့အခါ အသားအရေကို ချောမွေ့အိစက်မှုကို ပေးစွမ်းနိုင်ပါတယ်။

(၂) Translucent Powder

ဒီပေါင်ဒါကတော့ အရောင်မပါတဲ့ပေါင်ဒါမျိုးဖြစ်ပါတယ်။ သူ့ရဲ့ အဓိကတာဝန်ကတော့ မျက်နှာပေါ်က မလိုလားအပ်တဲ့ အဆီပြန်တာနဲ့ပြောင်လက်နေတာတွေကို ထိန်းချုပ်ပေးဖို့ ဖြစ်ပါတယ်။ အရောင်မပါတဲ့အတွက်ကြောင့် ဘယ်လိုအသားအရောင်ရှိတဲ့သူမဆို စိတ်ချလက်ချ အသုံးပြုနိုင်ပါတယ်။

(၃) Pressed Powder

ဒါကတော့ ကျွန်မတို့ အသုံးအများဆုံးဖြစ်တဲ့ ပေါင်ဒါကိတ်(သို့မဟုတ်)မှုန့်ကျစ်ပေါင်ဒါ ဖြစ်ပါတယ်။ သူက တခြားပေါင်ဒါတွေထက် မျက်နှာပေါ်က အပြစ်အနာအဆာတွေကို ပိုပြီးဖုံးကွယ်ပေးနိုင်စွမ်းရှိပါတယ်။ Foundation မလိမ်းချင်တဲ့ နေ့တွေမှာတောင် သူ့ချည်းပဲ သီးသန့်လိမ်းသွားလို့ရသလို မိတ်ကပ်သား မရွှေ့အောင်လည်း ဆက်တင်လုပ်လို့ ရပါတယ်။ အိတ်ထဲ ဆောင်သွားပြီး အပြင်မှာ မိတ်ကပ်ပြန်ပြင်ဖို့အတွက် အဆင်ပြေဆုံးပေါင်ဒါမျိုး ဖြစ်ပါတယ်။ Daisy




# စာအုပ်စင်ကလွှာ

စာအုပ်အမည် - စာတိုပေစများ
စာရေးသူ - နေမျိုး
ထုတ်ဝေသည့်စာပေတိုက် - နှင်းဆီဖြူစာပေ
စာမျက်နှာ - ၁၂၀ မျက်နှာ
တန်ဖိုး - ၁၂၀၀၀ ကျပ်
မျက်နှာဖုံးပန်းချီ - နေမျိုး
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ

စာစု(၆၅)ပုဒ်ကို စုစည်းထားပြီး ကိုလတ်စာပေမှ တစ်ပြည်လုံးဖြန့်ချိသည်။ ဈေးငါး၊ ရန်ကုန်သို့ လာရောက်ခြင်း၊ မိုးရွာပြီးစ၊ ရန်ကုန်မြို့က မြေကြွက်၊ ကွန်ကရစ်သံတံခါးက သစ်ပင်ကလေး၊ ဓာတ်ဘူးထဲက ကော်ဖီတွေ၊ ရန်ကုန်မြို့က ပိုးဟပ်၊ အလင်းရောင်ရဲ့အားသာချက်၊ အိပ်ချင်မူးတူးရေးတဲ့စာ၊ ညသုံးည၊ ပိုးဟပ်တစ်ကောင်သေဆုံးခြင်း၊ မန္တလေးသို့ ပြန်လည်ရောက်ရှိခြင်း၊ အဖျားနေပျောက်ကလေးများနံနက်ခင်းကဖေးဆိုင်၊ ညဥ့်ရဲ့စကားထာ၊ မိုးတိမ်၊ သာမန်နေ့တစ်နေ့၊ ပြတင်းပေါက်ကာလ၊ ရှဥ့်ကိုက်ထားတဲ့ ဗာဒံသီး၊ ဂျုံလုံးကြော်သုံးခု၊ မနက်ခင်းနေရောင်ခြည်၊ ငါ့မိတ်ဆွေ၊ နံနက်ခင်း၊ မော်ရီဖြိုးဖျူ၊ သီတင်းကျွတ်တော့မည်၊ နေ့စဥ်ဘဝရစ်သမ်၊ အမွေ၊ နာမည်မကြီးသော စာရေးဆရာ၊ အင်္ဂါနေ့၊ ၆၃ နှစ်သား၊ ၂၉ လမ်းအလွမ်း၊ ငရုတ်သီးစပ်၊ အမုန်းကမ္ဘာကို ရေးခဲ့တုန်းက၊ အမည်မဲ့လက်ဖက်ရည်ဆိုင်၊ မိုးနှောင်းညအိပ်မက်၊ ဘဝရဲ့အဓိပ္ပာယ်၊ အဖေ့သီချင်းတစ်ပုဒ်၊ အဘိုးကြီး၊ အမေ့အကြောင်း မှတ်မိသမျှ စသည်တို့ ဖြစ်သည်။




ပေါ့ပေါ့ပါးပါးဖြင့် ခပ်သွက်သွက် ဖတ်ရှုရမည့်စာများဖြစ်ပြီး မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

# ဖော်ညွှန်းသီ

စာအုပ်အမည် - ကိုယ့်ထူးကိုယ်ချွန်အောင်မြင်ရေးပန်းတိုင်
စာရေးသူ - ရဲဦး(ဘာသာပြန်)
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
စာမျက်နှာ - ၇၄ မျက်နှာ
တန်ဖိုး - ၄၅၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မတ်လ(ဒုတိယအကြိမ်)




မူရင်းစာရေးဆရာ၊ ဂျင်မ်ကောလင်းစ် (TURNING GOALS INTO RESULTS စာအုပ်ကို ဘာသာပြန်ဆိုထားသော ဘဝအောင်မြင်ရေး ပညာစာအုပ်ဖြစ်သည်။

စာအုပ်တွင် အောင်မြင်ရေးသီအိုရီ၊ သင့်ရဲ့ရောင်းကုန်များ၊ ကိုယ့်ထူးကိုယ်ချွန်၊ ဘဝနဲ့အလုပ်၊ အောင်မြင်သူများမှ အောင်မြင်ချင်သူများသို့၊ အောင်မြင်မှုအတွက်သော့ချက်များ၊ အိပ်မက်ကြီး ကြီးမက်ပါ။ ကျွမ်းကျင်မှုနဲ့ အရည်အသွေး၊ ငွေဟာ တကယ်ပဲ အဓိကကျသလား၊ အသက် ၃၀ မှာ မီလျံနာဖြစ်လာဖို့၊ လူအများရဲ့ အရေးစိုက်ခံရသူဖြစ်စေဖို့၊ စိတ်ကူးလေးကို ရွတ်လွင့်မယ်၊ နည်းလမ်းရှာမလား အပြစ်တင်မလား၊ အောင်မြင်မှုညွှန်းကိန်း၊ ကြိုးစားရက်နဲ့ မအောင်မြင်ဘူးလား၊ အောင်မြင် ချင်ရင်ဘာတွေကို စွန့်လွှတ်ရမလဲ၊ ထိပ်တန်းစည်းမျဥ်း ၁၀ ခု၊ ဆီးသီးနည်းဗျူဟာ၊ စွန့်ဦးတီထွင်သူတွေသိသင့်တဲ့ အကြံပေးချက်၊ တွန်းအားတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

ဘဝအောင်မြင်မှုရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေမည့် နည်းလမ်းကောင်းများဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့်စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

# နယုန်လရာသီ

* လနယုန်
သာယာပုံဆန်းပါဘိ
စာပြန်ပွဲက မြို့အဖုံဖုံ
အကုန်အစုံ ညီပါသည်
သာသနာ ရောင်ဝါဆီ
အရှည်ရှည်မှန်းပါလို့
ဆင်နွှဲတဲ့ --- လရာသီတဲ့လေး ။

* လနယုန်
လေအသုန်မှာ မွှေးပါဘိ
မြတ်လေးပန်းက တထုံထုံ
အစုံစုံမွှေးပါရ
စံပယ်က တစ်ရုံနှစ်ရုံ
ဤပုံနယ် လရယ်က
စန္ဒကူးပမာ --- မွှေးတယ်တဲ့လေး ။

* လနယုန်
မေထုန်နှင့်ငွေကြုံ၏
ပြိုင်တုံလတွင် ထွန်းစစ
ရွှန်းမြသည့် ထိုလပျို့တွင်
ဖိုမပျို့အရုပ်က
ဤလတွင် ပိုလို့ထူး
မြောက်စူးစူးက --- နဂါးခေါင်းတဲ့လေး ။

* လနယုန်
နံယုန်ဟုလည်း ဆိုကြပြန်၏
ယိုကျလာ မိုးရေအကြား
အပါးရှင် ထွန်ရေးငင်တယ်
ဆင်ယင်ကွဲ အခြံအရံနှင့်
ရည်သန်ကာ သာယာစေဖို့
နွဲကြစို့ လယ်ထွန်မင်္ဂလာပွဲတဲ့လေး။ ။

**အိုးဝေ(မြေနီကျင်း)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။




## ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် တံစိုးကျေးရွာသို့ ကွင်းဆင်း၍ ပြည်သူများနှင့် တွေ့ဆုံကာ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးဇော်လင်းထင်က သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ခါးနာ၊ ဒူးနာရောဂါများဖြစ်ပွားပါက ဆောင်ရန်၊ ရှောင်ရန်နှင့် ရာသီဓာတ်စာများအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေမြင့်နှင့်အတူ ဝန်ထမ်းများက တံစိုးကျေးရွာအတွင်းရှိ အမျိုးသား ၂၂ဦး၊ အမျိုးသမီး ၄၃ဦးစုစုပေါင်း ၆၅ဦး တို့အား တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၈၅)

## ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**မြို့သစ် မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး နေ့အထိမ်းအမှတ်အကြို ပန်းချီ၊ ပိုစတာကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၁၆ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊စာသင်ဆောင်များ၌ ကျင်းပခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ပန်းချီ၊ ပိုစတာ ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးက မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပအနာဂတ်ဘဝ၊ လွယ်လွယ်နဲ့ ရသုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ၊ ပိုင်းဝန်းကာကွယ်တားဆီးမှ မူးယစ်ကင်းစင်တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြလုံခြုံလှ၊ နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့၊ ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့၊ အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့ ခေါင်းစဥ်အသီးသီးဖြင့် ဝင်ရောက်ယှဥ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်ပညာရေးမှူးရုံးမှဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**
**ဝင်းအိစွန်(မြန်/ဆက်)**





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်း အဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားစဉ် အမှတ်(၉)တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတား ပျက်စီးမှုအား တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်း အဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည် သိမ်းပိုက်ရရှိစဉ်။

**◆ တပ်မတော်စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ နှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ် ဖြစ်ပွားခဲ့**

❑ ရှေ့ဖုံးမှ

ထိုသို့ နိုင်ငံတော်အတွက် အရေးပါသော နယ်စပ်မြို့ဖြစ်သည့် မောတောင်မြို့၌ ရိုးသားစွာနေထိုင်လုပ်ကိုင် စားသောက်နေထိုင်ကြသည့် ပြည်သူများအား CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချပေးကာ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးပြီး မောတောင်မြို့ရှိလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားအလုံးအရင်းအသုံးပြု၍ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် မောတောင်မြို့အား ရန်သူ့လက်အောက်သို့ ကျရောက်မှုမရှိစေရေး အသက်ကိုပဓာနမထားဘဲ ခုခံခဲ့ကြသော်လည်း ရန်သူမှာ အင်အားအဆမတန်ဖြည့်တင်းလာခြင်း၊ မိမိဘက်မှ အရာရှိ၊ စစ်သည်များ ထိခိုက်ဒဏ်ရာရရှိမှု များပြားလာခြင်းများနှင့် ဒေသခံပြည်သူများ၏ တိုက်တာ အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန်အတွက် အဆင့်ဆင့်ခုခံ၍ စစ်နည်းဗျူဟာမြောက် ဆုတ်ခွာခဲ့သဖြင့် မောတောင်မြို့အား ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

မောတောင်မြို့တွင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့သကဲ့သို့ တစ်ဖက်နိုင်ငံမှလည်း ကုန်စည်များဝင်ရောက်လျက်ရှိသော်လည်း KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှစ်နိုင်ငံ နယ်စပ်ကုန်စည်စီးဆင်းမှုများ ရပ်တန့်ထားခဲ့ရပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများလည်း ဆုံးရှုံးနစ်နာခဲ့ကြရသည်။ ထို့ပြင် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဝိသမလောဘသမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် ခိုးထုတ်ရောင်းချခဲ့ကြသည်။

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မောတောင်မြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရန်နှင့် တနင်္သာရီ-ရေဖြူ-သိန်းခွန်-သဲဖြူ-မောတောင်လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်ခြေကုပ်ယူကာ တစ်ဆင့်ပြီးတစ်ဆင့် အသက်ကို ပဓာနမထားဘဲ တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်ဖြင့် ၂၀၂၆ ခုနှစ် မေလ ၅ ရက်မှစ၍ ပြန်လည်တိုက်စစ်ဆင် ဆင်နွှဲခဲ့ရာ မေလ ၉ ရက်တွင် ရန်သူ၏ ယာယီစခန်းဖြစ်သည့် ပို့င့် ၂၇၁ တောင်ကုန်းအား လည်းကောင်း၊ မေလ ၁၂ ရက်တွင် ဖောင်ဆိပ်ကျေးရွာအနီးရှိ ရန်သူ့ယာယီခံစစ်နေရာ ၂ ခုအား လည်းကောင်း၊ မေလ ၁၃ ရက်တွင် ဖောင်ဆိပ်ကျေးရွာအား လည်းကောင်း၊ မေလ ၁၅ ရက်တွင် နှံ့းပွားကျေးရွာအား လည်းကောင်း၊ မေလ ၁၆ ရက်တွင် အမှတ် (၅) ကျေးရွာအားလည်းကောင်း၊ မေလ ၁၇ ရက်တွင် အမှတ်(၃) ကျေးရွာအားလည်းကောင်း၊ မေလ ၁၈ ရက် တွင် အမှတ်(၁) ကျေးရွာအားလည်းကောင်း၊ မေလ ၁၉ ရက် ယနေ့ညနေ ၄ နာရီတွင် မောတောင်မြို့အားလည်းကောင်း တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးစဉ် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ အမှတ်(၉) ကျေးရွာ တံတားနှင့် အမှတ်(၈)တံတားတို့အား မိုင်းထောင် ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက် ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၂၅ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် မောတောင်မြို့အား ယာယီစိုးမိုးထားစဉ် အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအား ခံစစ်တံတိုင်းသဖွယ် အသုံးပြုခဲ့ကြပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိကကုန်သွယ်မှု စီးပွားရေးဇုန်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများကို အကြောင်းမဲ့တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုကို ထိခိုက်နစ်နာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာနစ်နာစေခဲ့သည်။ မောတောင်-ကြိမ်ချောင်းဒေသမှ ထွက်ရှိသည့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မတရားခိုးယူ တူးဖော်ကာတစ်ဖက်နိုင်ငံသို့တရားမဝင်တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရသည်။

၎င်းအပြင် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက်မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့သည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ အနေဖြင့် လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာခဲ့ရကာ စစ်ပွဲ၏ အနိဋ္ဌာရုံများကို ခံစားခဲ့ကြရပြီး ၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ တည်ငြိမ်အေးချမ်းသည့် ဒေသများသို့ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ မောတောင်မြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေး ရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ် ကလေးသူငယ်များ စာသင်ကြားနိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံး ပြန်လည် ပြုပြင်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံ/ဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင် ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံ နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများသည် နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှု၏ အသက်သွေးကြောများဖြစ်ကြသည်။ ထိုကဲ့သို့ အရေးပါသည့် နယ်စပ်ဒေသများတွင် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များသည် နှစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည့်အပြင် နှစ်ကာလရှည်ကြာစွာ ခိုင်မြဲခဲ့သည့် ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးကိုပါ များစွာထိခိုက်စေသောကြောင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။

တပ်မတော်အနေဖြင့် မောတောင်မြို့အား သိမ်းပိုက်ရရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူလူထုများက မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းကာ တနင်္သာရီ-မောတောင် လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများက ဝမ်းမြောက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအား အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြကြောင်း အောင်ပွဲရတိုက်ပွဲဝင်တပ်မတော်သားများအတွက် ဂုဏ်ယူစွာဖြင့် ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။

သတင်းစဉ်

# သူ၏ကျေးဇူး ရှိဖူးလေသော်

ဤကမ္ဘာလောကကြီးတွင် သက်ရှိသတ္တဝါမှန်သမျှသည် တစ်ဦးနှင့်တစ်ဦး ကျေးဇူးပြုကာ ဆက်စပ် ရပ်တည်ကြရသည်။ သူတစ်ပါး၏ ကျေးဇူးတရားနှင့် ကင်းသည့်အရာဟူ၍ မရှိကြပါ။ မိမိဘဝသည်ပင် သူတစ်ပါး၏ ကျေးဇူးတရားနှင့် မကင်းနိုင်ခဲ့ပေ။ မိဘဆိုသော တစ်ပါးသူ၏ ကျေးဇူးပြုမှုအပေါ် အမှီသဟဲပြုကာ ရပ်တည်လာခဲ့ရပါသည်။ ထို့ကြောင့် သက်ရှိသတ္တဝါမည်သူမဆို တစ်ပါးသူ၏ ကျေးဇူးနှင့် ဘဝကို စတင်ကြရသဖြင့် တစ်ပါးသူ၏ ကျေးဇူးတရားနှင့် မကင်းကြသည်ကို တွေ့ရှိရပေမည်။

ထိုသို့ မိမိသည် သူတစ်ပါး၏ ကျေးဇူးတရားနှင့် မကင်းခဲ့သလို၊ သူတစ်ပါးကို မိမိက ပြုဖူးသည့် ကျေးဇူးတရားများ ရှိနေမည်မှာ အမှန်ပါ။ သုံးလောကထွတ်တင် ဗုဒ္ဓဘုရားရှင်သည်ပင် အမှီရှိမှ ပွင့်ထွန်းရသလို ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူပြီးသောအခါ သတ္တဝါအများကို သစ္စာဆိုသော အမှန်တရားရေအေး တိုက်ကျွေးလမ်းညွှန်ပေးပြီး ကယ်မ,တော်မူကာ ကျေးဇူးပြုရပါသေးသည်။ ထိုသည်မှာ ဓမ္မတာပါ။ ပွင့်ထွန်းတော်မူလာကြသည့် ဗုဒ္ဓဘုရားရှင်တိုင်းတွင် ဘုရားတစ်ဆူလျှင် ဝေနေယျသတ္တဝါပေါင်း နှစ်ဆယ့် လေးသင်္ချေ၊ ကုဋေခြောက်ဆယ်နှင့် ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်အောင် ချွေချွတ်တော်မူကြရသည်ဟု မှတ်သားဖူးပါသည်။ ထို့ကြောင့် တစ်ပါးသူ၏ ကျေးဇူးတရားနှင့် မကင်းနိုင်ကြသူများပီပီ ထိုကျေးဇူးတရားများကိုလည်း ကောင်းစွာသိမှတ် ပြန်လည်ပေးဆပ်တတ်ကြဖို့လည်း အထူးပင်လိုအပ်ပါသည်။

‘ရေ’ဆိုသည့် သက်မဲ့အရာသည်ပင် သတ္တဝါအများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သောက်သုံးကြရန် မရှိမဖြစ်လိုအပ်သည့် အေးမြသောရေဓာတ်အဖြစ် ပေးဆပ်ကြသည် (ရေ အသက် တစ်မနက်)။ ထို့အတူ ကောက်ပဲသီးနှံဆိုသော သက်မဲ့များသည် သတ္တဝါတို့အတွက် အဓိကလိုအပ်သော အစားအစာ အာဟာရဓာတ်အဖြစ် ပေးဆပ်ကြသည် (ထမင်းအသက် ခုနစ်ရက်)။ သစ်ပင်၊ ပန်းမန်၊ သစ်ကိုင်း၊ သစ်ခက်၊ အရွက်အမြစ်တို့သည် လူနှင့်သတ္တဝါတို့အတွက်၊ အနာရောဂါ ကင်းဝေးစေရန် ကျန်းမာရေးအတွက် ဆေးတစ်ခွက်အဖြစ် ပေးဆပ်ကြသည်။ လူနှင့်သတ္တဝါများ လိုအပ်သည့်ခွန်အားအတွက် စားသုံးမှီဝဲရန် အစာအာဟာရအဖြစ်လည်း ပေးဆပ်ကြသည်။ မိုးလေဝသ ရာသီဥတုဒဏ်မှ ကာကွယ်ရန်၊ ချမ်းသာစွာ မှီတင်းနေထိုင်ရန်၊ အရိပ်အာဝါသအဆောက်အအုံအဖြစ် ကျေးဇူးပြုကြသည်။ ထိုကဲ့သို့ တစ်ခုနှင့်တစ်ခု၊ တစ်ဦးနှင့်တစ်ဦး ကျေးဇူးပြုကာ မှီတွယ်ကြရသည်မှာ လောကကြီး၏ သဘာဝတရားပင်ဖြစ်သည်။

လူနှင့် လူ့ပတ်ဝန်းကျင်တွင်လည်း ‘တစ်လုပ်စားဖူး သူ့ကျေးဇူး၊ သူ့အရိပ်ခိုဖူး သူ့ကျေးဇူး’ဆိုသော ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးရှင်များလည်း ရှိကြပါသည်။ ထိုသည့်အထဲ ထူးကဲသည့် ကျေးဇူးရှင်များမှာ ‘ဘုရား၊ တရား၊ သံဃာ’ ရတနာမြတ်သုံးပါးနှင့် မိဘ၊ ဆရာဆိုသော အနန္တငါးဖြာတို့ပင်ဖြစ်သည်။ ထိုအနန္တငါးပါး ကျေးဇူးရှင်များသည် ပစ္စုပ္ပန်ကာလတွင်သာ ကျေးဇူးပြုသည်မဟုတ်၊ နောင်သံသရာမှာ ဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်းနိုင်ကြရန် ကျေးဇူးပြုပါသေးသည်။ ထိုကျေးဇူးရှင်များထဲမှ ရတနာမြတ်သုံးပါးသည် လွန်စွာမှ ထူးကဲသူများမို့ ခေတ္တချန်လှပ်၍ ‘မိဘ၊ ဆရာ’ကျေးဇူးရှင်နှစ်ပါးကိုသာ ဆိုပါရစေ။ ထိုကျေးဇူးရှင်နှစ်ပါးသည် ဗုဒ္ဓဘာသာဝင်များသာမက မည်သည့်ဘာသာဝင်မဆို၊ မည်သည့်လူမျိုးမဆို၊ အယူဝါဒမတူညီသော်လည်း အမြဲဆည်းကပ် အလေးအမြတ်ထားအပ်သော ကျေးဇူးရှင်များပါ။ မေတ္တာ၊ စေတနာအပြည့်နှင့် ဘဝအဦးမှစကာ ကျေးဇူးပြုကြသူများမို့ လူသားတိုင်းအတွက် တစ်လေးတစား အလေးထားသင့်သော အရေးပါကြသူများဟု ဆိုပါရစေ။

ထိုသို့ အထူးအမြတ်ထားအပ်သော ‘မိဘ၊ ဆရာ’တို့သည် များသောအားဖြင့် ကိလေသာအာသဝေါ မကုန်ခန်းသေးသော ပုထုဇဉ်များပါ။ ထိုသူများကို ကိလေသာကုန်ခန်း အာသဝေါကင်းကွာနေသည့် ဗုဒ္ဓဘုရားရှင်နှင့် တစ်ဂိုဏ်းတည်းထားကာ ကျေးဇူးကြီးမားကြောင်း ပြဆိုရသည့် အကြောင်းကို အချို့သော ခေတ်လူငယ်များ မသိကြ။ ထို့ကြောင့်လည်း ဘဝင်မကျစွာ ပြောဆိုလာကြသူများ ရှိလာခဲ့သည်။ ထို့ပြင် မိဘများကိုလည်း ‘ဆိုးသောမိဘ၊ ကိုယ်ကျင့်တရားမရှိ ဖောက်ပြန်သောမိဘ၊ ကိုယ်ချင်းစာတရား ကင်းမဲ့သောမိဘ’ စသည်ဖြင့် မိဘအပေါ် အမြင်မကြည်လင်စွာ ဝေဖန်ကြသည်။ ထိုကဲ့သို့ အမူအကျင့်များ အနည်းနှင့်အများ ရှိတတ်ကြသော်လည်း မိဘများသည် သူတို့ထင်သလို မဟုတ်ကြပါ။ အဘယ်ကြောင့်ဖြစ်ရသနည်းဟု အကြောင်းအမျိုးမျိုးကို မြင်အောင်ကြည့်၍ ဆင်ခြင်စဉ်းစားသင့်လှပေသည်။ မိဘများသည် ပုထုဇဉ်များမို့ မှားသောအကျင့်ရှိသူများလည်း ရှိနေနိုင်သည်။ သို့သော် မိမိသိထားရမည်မှာ မိဘသည်မိဘပါ။ မပြစ်မှားသင့်ပေ။ ကျေးဇူးရှင်နေရာမှ မဖယ်ရှားသင့်ပေ။ ပုထုဇဉ်ဖြစ်သည့် မိမိသည်ပင် အချိန်နှင့်အမျှ ပြောင်းလဲဖောက်ပြန်နေပါလျှင်၊ မိဘများသည်လည်း ပုထုဇဉ်များမို့ ဖောက်ပြန်တတ်သည်ကို သတိထားဖို့လိုပါသည်။

‘မာတာပိတုဂုဏော အနန္တော’ဟု ဆိုသည်နှင့်အညီ ဗုဒ္ဓဘုရားရှင်နှင့် တစ်ဂိုဏ်းတည်းပြသောလူသား မိဘများသည် ပုထုဇဉ်များဖြစ်ကြသော်လည်း၊ သားသမီးများအပေါ်ထားရှိသော မေတ္တာတရား စေတနာများသည် လွန်စွာမှ ကြီးမားကြသည်။ မြင်းမိုရ်တောင်နှင့်လည်း ယှဉ်မရ။ မဟာသမုဒ္ဒရာနှင့်လည်း နှိုင်းမရ။ စကြဝဠာကြီးမက ဂုဏ်အင်္ဂါကြီးမြတ်ကြသည်။ ထို့ကြောင့် အနန္တဂုဏ်တင် ကျေးဇူးရှင်အဖြစ် သမိုင်းတင်ကာ အသိအမှတ်ပြုကြသည်။ မိဘတို့၏ကျေးဇူးဂုဏ်အထူးကို သီကျူးဖွဲ့ဆိုရာတွင် နိုင်ငံတော်သံဃမဟာနာယက ဆဋ္ဌမသင်္ဂါယနာတင် ဩဝါဒါစရိယ မူလဒွါရ သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်း ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ ‘အာပေါဒါစ ဗြဟ္မာဒယော၊ သုဟာဒါဒိ ဂုဏာသယေ’ဟု မိဘတို့၏ ဂုဏ် ၁၂ ပါးရှိကြောင်း ပြဆိုထားပါသည်။

**‘အာပေါဒါစ ဂုဏာသယေ’**

(၁) တွင်းပဘောဒဏ် ရန်မာန်ကင်းပျောက်၊ ချမ်းသာရောက်အောင် စောင့်ရှောက်တတ်ခြင်းကြောင့် ‘အာပေါဒက’ဟူသောဂုဏ်။ (၂) နလုံးသွေးစစ် နို့ချိုနှစ်တွေ သောက်စို့စေပြီး မငြီးမငြူ ပျူပျူငှာငှာ၊ ချိုသာစွာပင် လိုအင်ဆန္ဒ ပြည့်စုံရအောင် ယုယပိုက်ထွေး ကျွေးမွေးစောင့်ရှောက်တတ်သောကြောင့် ‘ပေါသက’ဟူသောဂုဏ်။ (၃) လောကအလယ် ရှုဖွယ်စုံစုံ အလုံးစုံကို အာရုံ ဟူသမျှ သင်ပြတတ်သောကြောင့် ‘ဒသေတာရ’ဟူသောဂုဏ် ဤသို့အားဖြင့် သုံးပါး။

**‘ဗြဟ္မာဒယော ဂုဏောသယေ’**

(၁) သန္ဓေတည်စ ထိုကာလမှ စ၍မှန်စွာ၊ ဗြဟ္မာအလား သမီးသားကို ကြီးမားမေတ္တာ၊ ကရုဏာနှင့်မကွာ နေ့၊ ည စောင့်ရှောက်တတ်သောကြောင့် ‘ဗြဟ္မာ’ဟူသော ဂုဏ်။ (၂) မိသားစုရေးရည်မျှော်တွေး၍၊ ရှေ့ရေးစီးပွား အကျိုးများအောင်၊ တိုးပွားစောင့်ကြပ် စောင်မ,တတ်၍၊ အိမ်ဦးနတ်ဟူသော ‘ပုဗ္ဗဒေဝတာ’ ဂုဏ်။ (၃) ဆရာများထံ မအပ်နှံခင်၊ ငယ်စဉ်ကလေး နုအထွေးမို့ ရှေ့ပြေးဦးဖျား သင်ကြားပြုပြင် သွန်သင်ဆုံးမတတ်သဖြင့် ‘ပုဗ္ဗာစရိယ’ဂုဏ်။ (၄) ရှု၍မငြီး သားသမီးတို့ ခရီးဝေးစွာ ဆောင်ယူလာသည့် လှူရာပစ္စည်း အသီးသီးကို ခံယူသိမ်းပိုက် အလှူခံထိုက်သဖြင့် ‘အာဟုနေယျ’ဂုဏ် ဤသို့အားဖြင့် လေးပါး။

**‘သုဟာဒါဒိ ဂုဏာသယေ’**

(၁) သားကိုရရန် တောင်းဆုပန်၍ သည်းရန်မျက်ဖြေ သားသက်ဝေကို အရေထူပါး၊ အကြောများနှင့် ရိုးသားထွင်းဖောက် ချဉ်ဆီရောက်အောင် ချစ်ခြင်းဆောင်သဖြင့် ‘သုဟဒ’ဟူသော ဂုဏ်။ (၂) ကိုးလ၊ ဆယ်လ ရေတွက်ဆယူ ကြည်ဖြူနှစ်သက် ဆောင်ရွက်မကွာ ကြင်နာသနား သတို့သားကို ဖွားမြင်စေတတ်သောကြောင့် ‘ဇနေတ္တိ’ဟူသော ဂုဏ်။ (၃) ကိုယ်စိတ်မချမ်း ငိုမြည်တမ်းက ရွှင်လန်းစိမ့်ရေး၊ နို့ချိုကျွေး၍ တေးသီချင်းဆို အငိုရပ်ကာ ရယ်ရွှင်လာအောင် သံသာကျူးငြိမ့် နှစ်သိမ့်စေတတ်သောကြောင့် ‘တောသယန္တိ’ဟူသောဂုဏ်။ (၄) လေပူ၊ နေပူ၊ မီးအပူတို့ အပူမှန်သမျှ မညှဉ်းပန်းရလေအောင်၊ ဖြူစွစေတနာ မြတ်နိုးစွာပင်၊ သည်းချာရင်နှစ် မေ့သားချစ်ကို ပစ်ခါလျစ်လျူ မပြုမူဘဲ တယုတယ စောင်မ,လေးမြတ်၊ မွေးပေးတတ်သဖြင့် ‘ပေါသေန္တိ’ဟူသောဂုဏ်။ (၅) မိရိုးဖလာ ရတနာရွှေငွေ လယ်ယာမြေကို အမွေအနှစ် စံရာဖြစ်ဖို့ ကျစ်လျစ်သိမ်းဆည်း သိုမှီးစောင့်ရှောက်တတ်သောကြောင့် ‘ဂေါပယန္တိ’ဟူသော ဂုဏ်။ ဤသို့အားဖြင့် ငါးပါး။ ထိုဂုဏ်များကို ရေတွက်လျှင် မိဘဂုဏ်ရည် ဆယ့်နှစ်လီရှိပါသည်။ ထိုသည်တို့သည် မိဘတို့၏ ဂုဏ်အားဖြင့် တည်ရှိနေသလို၊ မိဘများ၏ ကျေးဇူးတရားများဟုဆိုက မမှားနိုင်ပါ။ မိဘတို့၏ ကျေးဇူးတရား မြောက်မြားစွာရှိသည့်အနက် တူညီရာ စုပေါင်း၍ ထင်ရှားမြင်သာအောင် ပြဆိုတော်မူတာပါ။ ထို့ကြောင့် မိဘ၏ဂုဏ်ကို စိတ်ဝယ်မှန်းဆ အလေးအမြတ်ထားကာ ကြည်ညို တတ်ကြဖို့ လိုအပ်လှပေသည်။

ထို့အတူ ဆရာဆိုသော ပုဂ္ဂိုလ်များသည်လည်း များသောအားဖြင့် ပုထုဇဉ်များသာ ဖြစ်ကြပါသည်။‘အသပြာဆရာ၊ မညာမတာဆရာ၊ ကိုယ်ကျင့်တရားမရှိသော ဆရာ’စသည်ဖြင့် ပြောဆိုနေကြသည်မှာ ရင်နာစရာပါ။ ပုထုဇဉ်လူသားများမို့ ထိုသို့ဆိုးသော ဆရာများလည်း ရှိနေနိုင်ပါသည်။ သို့သော် ဆရာတိုင်းတော့ မဟုတ်နိုင်ပါ။ ထိုပုထုဇဉ်ဆရာများရှိသလို၊ ဘဝသံသရာ ဝဋ်ဆင်းရဲဒုက္ခများမှ လွတ်မြောက်ကြစေရန် ဗုဒ္ဓဓမ္မ အဆုံးအမများနှင့်အညီ သင်ကြားပြသ ညွှန်ကြားကြသည့် ဆရာကောင်း၊ ဆရာမြတ်များလည်း ရှိကြပါသည်။ ထိုဆရာများအား ကိုယ်ထိ လက်ရောက် ကျူးလွန်စော်ကားရန် မဆိုထားနှင့် စိတ်နှင့်ပင် မပြစ်မှားသင့်ပေ။

ဆရာများအတွက် ‘အာစရိယဂုဏော အနန္တော’ဟု ဆိုပါသည်။ ‘အာစရိယ’ဆိုသော ပါဠိစကားကို မြန်မာမှုပြုလိုက်လျှင် ‘ဆရာ’ဟု ဆိုပါသည်။ စာပေကျမ်းဂန်များ၏ အဆိုအမိန့်အရ ဆရာဆိုသည်မှာ ‘တပည့်များ၏ အလွန်အကြူး အထူးဆည်းကပ် လုပ်ကျွေးအပ်သူ’ကို ‘ဆရာ’ဟု ပြဆိုထားပါသည်။ ဆရာဟူသည် စံပြုနိုင်းယှဉ် အနန္တဂိုဏ်းဝင်ပါ။ ဆရာငါးမျိုးရှိပါသည်။ (၁) ပဗ္ဗဇ္ဇာစရိယ၊ (၂) ဥပသမ္ပဒါစရိယ၊ (၃) နိဿယာစရိယ၊ (၄) ဥဒ္ဒေသာစရိယ၊ (၅) ဩဝါဒါစရိယတို့ ဖြစ်သည်။ နံပါတ်(၁)နှင့် နံပါတ် (၂)သည် ရဟန်းသံဃာတော်များနှင့်သာ သက်ဆိုင်ပါသည်။ နံပါတ်(၃) ဆရာသည် တပည့်တို့၏ အားထားမှီခိုရာ ‘နိဿယာစရိယ’ပါ။ အတတ်ပညာသင်ကြားပေးသောဆရာသည် ‘ဥဒ္ဒေသာစရိယ’ပါ။ အခါအားလျော်စွာ တွေ့ကြုံလာတိုင်း မဆိုင်းမတွ ဆုံးမတတ်သောဆရာသည် ‘ဩဝါဒါစရိယ’ပင်ဖြစ်သည်။ ထို့ပြင် သံသရာဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းများကို ညွှန်ကြားပြသော အလွန်ကျေးဇူးကြီးမားသည့် ပညာရှိသူတော်ကောင်း ဆရာများလည်း ရှိနေပါသေးသည်။

ထိုသို့ ပညာရှိသူတော်ကောင်းဆရာများ၏ သွန်သင်ညွှန်ပြဆုံးမခဲ့မှုကြောင့် တပည့်များဘဝသာယာ လှပခဲ့ကြရပါသည်။ ‘ဆရာလွတ်တော့ ရိုင်း၊ မျဉ်းလွတ်တော့ ကိုင်း’ဆိုသည့် စကားအရ မျဉ်းကို အခြေမခံဘဲ ရေးသားသောစာကြောင်းသည် မဖြောင့်တန်းသကဲ့သို့၊ ဆရာကောင်းထံ နည်းခံမမှတ်၊ မဆည်းကပ်သူသည် ရိုင်းစိုင်းတတ်ပါသည်။ ထို့ကြောင့် ဆရာကောင်း၊ ဆရာမြတ်တို့သည် ပြောမကုန်နိုင်သော အနန္တကျေးဇူးရှင်တွေပါ။ လူ့ဘောင်အဖွဲ့အစည်းတစ်ခု၏ အလေးအမြတ်ပြုစရာ လူမှုရေးဆိုင်ရာ ဗိသုကာများ ဖြစ်ကြပါသည်။ ဆရာများသည် ‘သီလကိုမှန်ရောင်၊ သမာဓိကို ကျောက်ဆောင်၊ ပညာကို မီးရှူးတန်ဆောင်’ဆိုသည့်အတိုင်း မိမိသည်လည်း လူ့ဘောင်စည်းကမ်း စံနှုန်းများနှင့်ညီအောင် ကြိုးစားကြရသလို တပည့်များကိုလည်း မိမိထက် ပိုသာ၊ ပိုတော်၊ ပိုတတ်စေအောင် စေတနာ၊ မေတ္တာအပြည့်အဝဖြင့် သွန်သင်ကြသူတွေပါ။‘တွင်းထွက်ဖြစ်ငြား ပတ္တမြားပင် အကာစင်အောင် တွင်တွင်သွေးမှ တောက်ပရ၏’ဆိုသည့် စကားသည် ဆရာမြတ်များ၏ ဂုဏ်ကို ဖော်ကျူးထားတာပါ။ ကိုယ်ကျိုးမဖက် စေတနာလက်ဖြင့် အရိုင်းတုံးကို အလှဆင်၊ အယဉ်အလှ အနုအရွဘဝ ချောမွတ်ပြေပြစ် မြင်သူတကာချစ်အောင်၊ ထုဆစ်ပယ်နှုတ် မဟုတ်တာ ဖယ်ရှား မေတ္တာအားဖြင့် တပည့်များအပေါ် စေတနာထားပြီး ကြီးမားသောအရိပ်ပေးကြသူများမို့ မပြစ်မှားသင့်ပေ။

အချုပ်အားဖြင့် မူလပထမ ဘဝစ၍ လောကနယ်ပယ် အသိကြွယ်ရေး၊ ဓားသွေးကျောက်သဏ္ဍာန် အပါးခံကာ မေတ္တာ၊ စေတနာ၊ ကရုဏာနှင့် အခြေခံကအစ သင်ကြားပြသသည့် မိဘ၊ ဆရာ နှစ်ဖြာသော ကျေးဇူးရှင်များ၏ ကျေးဇူးတရားများကို မေ့မထားကြဖို့၊ ကျေးဇူးရှိကြောင်းလည်း ပြောဆိုကြဖို့၊ ကျေးဇူးရှိက ပေးဆပ်ကြဖို့၊ ကျေးဇူးဂုဏ်အင် မဆပ်နိုင်လျှင်ပင် မစော်ကားမိကြဖို့၊ သူ၏ကျေးဇူး ရှိဖူးလေသော် အထူးဂရုတစိုက် ဦးခိုက်ကြဖို့၊ မေတ္တာအရင်းခံ စေတနာမှန်ဖြင့် ရေးသားလိုက်ရပါသည်။

**မန်းမြေမှ ပန်းသပြေ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသ စောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၂) မှ အဆင့် (၁) သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတု ဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု
တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၃၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် မေ ၁၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်အမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၃၁၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ခဲ့ကြသည်။(အောက်ယာပုံ)

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများအား အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် သေနတ်ရှစ်လက်၊ M22 အမျိုးအစား သေနတ် တစ်လက်၊ KA-25 အမျိုးအစား သေနတ်တစ်လက်၊ Type 81 အမျိုးအစား သေနတ်နှစ်လက်၊ လက်လုပ်သေနတ်နှစ်လက်၊ လက်လုပ်စိန်ပြောင်း နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၂၃ခု၊ ကျည်မျိုးစုံ ၇၈၁ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးနှင့် ဗုံးသီးနှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ် ၁၂ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၀၊ လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်လုပ်စိန်ပြောင်း နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ်သိန်း ၃၀၊ ဗုံးသီး နှစ်လုံးအတွက် ဆုကြေးငွေကျပ် ခြောက်သိန်းနှင့် လက်နက်မပါဘဲ စာမျက်နှာ ၇ သို့



## ရက်(၁၀၀)စီမံချက်ဖြင့် ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်လျက်ရှိ

**မန္တလေး မေ ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast)၊ လမ်းကာတံ့များနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း ၈ လမ်းနှင့် ၁၂ လမ်းကြား၊ ရွှေတချောင်းမြောင်းတစ်လျှောက် ကတ္တရာခင်းခြင်းလုပ်ငန်းကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းခွင်အတွင်း ဘေးချဲ့ကျောက်ပျက်ဖြည့်၍ အခြေခံလွှာပြုပြင်ခြင်းလုပ်ငန်းကို မေ ၂ ရက်နေ့မှစတင် **စာမျက်နှာ ၇ သို့** ■



## မြန်မာ့လက်ရွေးစင် လူငယ်အသင်း သုံးသင်း ပြည်တွင်းအမှတ်ပေးလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်လက်ရွေးစင်ကစားသမားများ ပွဲထွက်ခွင့်ပိုရစေဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် မြန်မာ့လက်ရွေးစင် လူငယ်အသင်း သုံးသင်းကို ကလပ်အသင်းအမည်တွေ ပြောင်းလဲပြီး ပြည်တွင်းအမှတ်ပေးလိဂ်ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ လူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲနဲ့ အသင်းအမည်များမှာ မြန်မာ ယူ-၁၆ အသင်း(Myanmar U-16)က Galaxy FC အမည်ဖြင့်လည်းကောင်း၊ မြန်မာ ယူ-၁၇ အသင်း(Myanmar U-17)က Falcon FC အမည်ဖြင့်လည်းကောင်း MNL U-20 League ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မြန်မာ ယူ-၁၉ အသင်း(Myanmar U-19)မှာမူ Junior Lions FC အမည်နဲ့ MNL League II ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုလို လူငယ်လက်ရွေးစင်အသင်းများကို ပြည်တွင်းအမှတ်ပေးလိဂ်တွေမှာ အဆင့်မြင့်တင် ဝင်ရောက်ကစားစေခြင်းသည် ကစားသမားများအတွက် အတွေ့အကြုံသစ်များ ရရှိစေပြီး နိုင်ငံတကာပြိုင်ပွဲတွင် အကောင်းဆုံးပြင်ဆင်မှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

**(NGB)**

၀-၀-၀-၀

